မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၇၇ခုနှစ် ၊ဧပြီဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇) ၊ အမှတ်(၂၉၈) ၊ ၁၃၈၆ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် ၁၁ ရက် ၊ ၂၈-၉-၂၀၂၄ ၊ စနေနေ့ ။

မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလ တည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ခန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနှစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဿနာနီးချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

သစ်တောတစ်ခုကိုဖန်တီးမည်ဆိုပါက အနည်းဆုံးဆယ်နှစ်နှင့်အထက် ကြာမြင့်မည်ဖြစ်ပြီး မိမိတို့ယခုကဲ့သို့ သစ်ပင်စိုက်ပျိုးခြင်းကြောင့် ရရှိလာမည့်အကျိုးရလဒ်ကို နောင်အနာဂတ်မျိုးဆက်သစ်များက ခံစားကြရ

နှစ်ရှည်ပင်များသည် ချက်ချင်း အကျိုးမပြုနိုင်သော်လည်း နောင်မျိုးဆက်သစ်များ အတွက် များစွာ အကျိုးဖြစ်ထွန်းစေမည်

နေပြည်တော် စက်တင်ဘာ ၂၇

သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ် မိုးရာသီ တစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်လျက်ရှိသည်။

ဦးဆောင်စိုက်ပျိုးပေး

ယနေ့တွင် ၂၀၂၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို နေပြည်တော် ဓေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

စာမျက်နှာ ၃ သို့ ○

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၂၇

နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်ပါသည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်ပါသည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/စလ

ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် (၂) ရက်သာ လိုတော့သည်။

၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၂၈ ရက် ၊ စနေနေ့။

မန္တလေး နေ့စဉ်

ဝါများအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်လျက်ရှိ

ဝါသီးနုံသည် ချည်ထည်လုပ်ငန်းများအတွက် အရေးပါသော ကုန်ကြမ်းဖြစ်ပြီး သဘာဝချည်မျှင်များကို ထုတ်ပေးသည့်အပင်ဖြစ်ပြီး မြန်မာနိုင်ငံအတွက်သာမက ကမ္ဘာအတွက်ပါ အရေးပါသောသီးနှံဖြစ်သည်။

လျှပ်စစ်မီးမရရှိသည့်ဒေသများရှိ တောင်သူများအနေဖြင့် နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်ဖြင့် ဝါများကြိတ်ခွဲနိုင်ရေးအတွက် စမ်းသပ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဝါစိုက်ပျိုးတောင်သူများအနေဖြင့် ထွက်ရှိသည့်ဝါများကို တိုက်ရိုက်ရောင်းချခြင်းထက် ဝါကြိတ်စက်ဖြင့် ကြိတ်ခွဲပြီး ဝါဂွမ်းပြုလုပ်ရောင်းချပါက အကျိုးအမြတ်ပိုမိုရရှိမည်ဖြစ်၍ အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ကြိတ်ခွဲခြင်းဖြင့် အဆင့်မီဝါဂွမ်းများရရှိပြီး ချည်များထုတ်လုပ်ပါက ချည်များ၏အရည်အသွေးများ ပိုမိုကောင်းမွန်စေမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ အဆင့်မီချည်များထုတ်လုပ်နိုင်ပါက ပြည်ပမှချည်တင်သွင်းရမှုကို လျှော့ချနိုင်မည့်အပြင် အဆင့်မီပိတ်များ ရက်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ဝါစိုက်တောင်သူများအနေဖြင့် ဝါကြိတ်ခွဲခြင်းလုပ်ငန်းများကို ကိုယ်တိုင်ဆောင်ရွက်နိုင်ခြင်းဖြင့် ဝင်ငွေတိုးတက်လာပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ကာ အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ်သောကြောင့် ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက စက်တင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ရှိ ဝါကြိတ်စက်ရုံ(ရမည်းသင်း)သို့ ရောက်ရှိပြီး စက်မှုပေါင်းဆောင်ရွက်ရေးဦးစီးဌာနနှင့် အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းတို့ပူးပေါင်း၍ ကြိတ်လုံးနှစ်လုံးတပ် ဝါကြိတ်ခွဲစက်အား နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်ဖြင့် မောင်းနှင်အသုံးပြုနိုင်ရေးအတွက် ဆိုလာပြားများ တပ်ဆင်ထားရှိမှု၊ လက်တွေ့စမ်းသပ်လည်ပတ်၍ ဝါကြိတ်ခွဲနေမှုကို ကြည့်ရှုစစ်ဆေးရာ၌ ပြောကြားခဲ့သည်။

ယခုစမ်းသပ်လည်ပတ်သည့် ကြိတ်လုံးနှစ်လုံးတပ် ဝါကြိတ်စက်သည် အိန္ဒိယနိုင်ငံထုတ် Bajaj အမျိုးအစားဖြစ်ပြီး တစ်နေ့လျှင် ပေါ်ပေါ်သာ ၆၀၀ ကျော် ကြိတ်ခွဲထုတ်လုပ်နိုင်ကာ ကြိတ်လုံးနှစ်လုံးတပ် ဝါကြိတ်စက်များကို နေရောင်ခြည်စွမ်းအင်ဖြင့် လည်ပတ်နိုင်ရေးအတွက် ဆိုလာတစ်ချပ်လျှင် ၆၆၅ ဝပ်ထွက်ရှိသည့်ဆိုလာပြား ၁၄ ချပ် တွဲဆက်ပြီး ၇ ဒသမ ၅ ကီလိုဝပ် ဟိုက်ဘရစ်အင်ဗာတာ အသုံးပြု၍ ဝါကြိတ်စက်ကို စမ်းသပ်ဝါကြိတ်ခွဲနေခြင်း ဖြစ်သည်။

ပြည်တွင်း၌ ချည်ထည်အသုံးအဆောင်များနှင့် အဝတ်အထည်ပစ္စည်းများစွာ လိုအပ်လျက်ရှိသည်။ ချည်ထည်များထုတ်လုပ်နိုင်ရန် အဓိကအကျဆုံးဖြစ်သည့် ဝါစိုက်ပျိုးမှုများအား တိုးချဲ့ဆောင်ရွက်ရန်နှင့် စိုက်ပျိုးသည့်ဝါများ အထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ ဝါများအထွက်နှုန်းတိုးအောင် ဆောင်ရွက်နိုင်ခြင်းဖြင့် ဝါစိုက်တောင်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မည်ဖြစ်သကဲ့သို့ ပြည်တွင်းလိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ အခမ်းအနား ကျင်းပ

မန္တလေး စက်တင်ဘာ ၂၇

မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် လူမှုဝန်ထမ်းဦးစီးဌာန၊ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာကျောင်း မန္တလေးမြို့တို့ ပူးပေါင်းဖွင့်လှစ်သော အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက မဟာအောင်မြေမြို့နယ်၊ သိပ္ပံလမ်းပေါ်ရှိ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ရုံးခန်းမတွင် ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ဇနီး ဒေါ်မမ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ဇနီးများ၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်ဦး၊ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း မန္တလေးမြို့ကျောင်းအုပ်ကြီး ဒေါ်စန္ဒာဖြင့်၊ သင်တန်းနည်းပြဆရာမ ဒေါ်နှင်းနှင်းအေး၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ သင်တန်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌကိုယ်စား အတွင်းရေးမှူး ဒေါ်သန္တာဘုန်းဝင်းက သင်တန်းဖွင့်ခဲ့မှုအပေါ် ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးက သင်တန်းနည်းပြများအား အမှတ်တရ လက်ဆောင်များပေးအပ်ပြီး သင်တန်းတွင် ပထမဆုရရှိသူအား အပ်ချုပ်စက်တစ်စုံကို ချီးမြှင့်ပေးအပ်သည်။ ထို့နောက် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၏ဇနီး ဒေါ်သီတာဇင်က ဒုတိယဆုကို လည်းကောင်း၊ လူမှုရေးရာဝန်ကြီး၏ဇနီး ဒေါ်ခင်စန်းဝင်းက တတိယဆုကိုလည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၏ဇနီး ဒေါ်ဆွေဆွေက နှစ်သိမ့်ဆု(၁)ကို လည်းကောင်း၊ တိုင်းဒေသကြီး ဥပဒေချုပ်၏ဇနီး ဒေါ်လှလှမြင့်က နှစ်သိမ့်ဆု (၂)ကို လည်းကောင်း၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်သန္တာဘုန်းဝင်းက သင်တန်းတွင် ထူးချွန်ကြသူများကိုလည်းကောင်း၊ တိုင်းဒေသကြီး အလုပ်အမှုဆောင်၊ လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များက သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း အသီးသီးပေးအပ်ကြသည်။

အဆိုပါစက်ချုပ်သင်တန်းကို စက်တင်ဘာ ၂ ရက်မှ ၂၇ ရက်နေ့အထိ သင်တန်းကာလလေးပတ်ဖြစ်ပြီး သင်တန်းသူ ၁၆ ဦး တက်ရောက်ကြသည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးချုပ်၏ဇနီးနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ စုပေါင်းအမှတ်တရဓာတ်ပုံရိုက်ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၉၃)

o-o-o-o-o

လူကုန်ကူးခံရသူ အမျိုးသမီးများအား စားသောက်ကုန်များနှင့် အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်

မန္တလေး စက်တင်ဘာ ၂၇

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင် အမျိုးသမီးရေးရာအဖွဲ့က အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ ရွှေကျင်သံလမ်းအနီး ဘုန်းတော်တိုးရပ်ရှိ လူကုန်ကူးခံရသူများ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာ(မန္တလေး)တွင် လက်ခံစောင့်ရှောက်ပေးထားသည့် လူကုန်ကူးခံရသူ အမျိုးသမီးများအား စားသောက်ကုန်များနှင့် အာဟာရဖြည့်စွက်စာမုန့်ခြောက် တို့ကို ယနေ့ နံနက်ပိုင်းက ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် အောင်မြေသာစံခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြနှင့် အဖွဲ့ဝင်များသည် လူကုန်ကူးခံရသူအမျိုးသမီး ၁၀ ဦးအား တွေ့ဆုံအားပေးစကားများ ပြောကြားပြီး ဆန်၊ ဆီ၊ ဆား၊ ခေါက်ဆွဲခြောက်၊ ငါးပိဘူးစားသောက်ကုန်များ အပါအဝင် အာဟာရဖြည့်စွက်စာ အသင့် စားမုန့်ခြောက်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ရာ လူကုန်ကူးခံရသူများ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာ(မန္တလေး)မှ ဂေဟာမှူး ဦးနေအောင်ကျော်ကကျေးဇူးတင်စကားများနှင့် လူကုန်ကူးခံရသူများအား စောင့်ရှောက်ပေးနေမှုအခြေအနေများကို ပြောကြားခဲ့သည်။

လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန အနေဖြင့် လူကုန်ကူးခံရသူများ လက်ခံစောင့်ရှောက်ရေးဂေဟာ(မန္တလေး)ကို ၂၀၁၈ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့အချိန်အထိ လူကုန်ကူးခံရသူ စုစုပေါင်း ၂၀၀ ဦးကျော်ကို လက်ခံစောင့်ရှောက်ပေးနိုင်ခဲ့ပြီး ၄င်းတို့၏ ဇာတိရပ်ရွာဒေသရှိ မိဘ၊ ဆွေမျိုးများထံသို့ စနစ်တကျပြန်လည်အပ်နှံပေးနိုင်ခဲ့ကြောင်း၊ လက်ရှိတွင် လူကုန်ကူးခံရသူ ၁၀ ဦးကို လက်ခံစောင့်ရှောက်ပေးနေကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၄)

မှုကြိုကလေးငယ်များ ဥဏှစွမ်းရည်ပြိုင်၊ ဆုများပေးအပ်ချီးမြှင့်

ရေနံချောင်း စက်တင်ဘာ ၂၇

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း၌ ကလေးသူငယ်များ ဥဏှစ်ရည်ဥဏှစ်သွေးထက်မြက်စေရန်နှင့် လူအများရှေ့တွင် ရဲဝံ့စွာပြောဆိုတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် ရည်ရွယ်၍ ဥဏှစွမ်းရည်ပြိုင်ပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ၂၆ရက်၊ နံနက်ပိုင်းက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းတွင်း ဥဏှစွမ်းရည်ပြိုင်ပွဲများ အဖြစ် အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်းတစ်ဦးချင်း ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ သီချင်းဆိုပြိုင်ပွဲ၊ အဖွဲ့လိုက် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲနှင့် သီးချင်းဆိုပြိုင်ပွဲများ ကျင်းပရာ မူလတန်းကြိုကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက သပြေသီးကောက်သီချင်း၊ စက္ကူလှေကဗျာ၊ မိုးလေဝသပုံပြင်၊ Good Morning စသည့် ဥဏှစွမ်းရည်တိုးတက်စေမည့် ကဗျာ၊ ပုံပြင်များဖြင့် ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ရေနံချောင်းမူလတန်းကြိုကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ပဟအုန်းနှင့်တာဝန်ရှိသူများက ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆု ရရှိသူများအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(၄၇၂)

o-o-o-o-o

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ မြန်နှုန်းရိုက်ရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၄၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား။

လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၄ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် အမှာစကားပြောကြားစဉ်။

○ ရှေ့ဖုံးမှ

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ညွှန်ကြီးကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ရှိ ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် သစ်ပင်သစ်တောများ၊ရှိခြင်းသည် မိမိတို့နေထိုင်သည့် ပတ်ဝန်းကျင်သာယာလှပမှုကို ဖြစ်ပေါ်စေပြီး လူနှင့်သက်ရှိတို့အတွက် ကောင်းကျိုးများကို ရရှိကြောင်း၊ထို့ကြောင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးတွင် မိုးရာသီတစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးပွဲများကို နှစ်စဉ်ပြုလုပ်၍ စိုက်ပျိုးနေခြင်းဖြစ်ကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများကို အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရတနာဝတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။

လက်ရှိကာလတွင် ကမ္ဘာတစ်လွှား၌ ရာသီဥတုဖောက်ပြန်မှုများကြောင့် မိုးခေါင်ခြင်း၊ ရေကြီးခြင်း၊ လေပြင်းတိုက်ခတ်ခြင်း စသည့် သဘာဝဘေးဒဏ်များ မကြာခဏ ကြုံတွေ့နေကြရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုကို ရှောင်လွှဲ၍ရနိုင်မည်မဟုတ်သော်လည်း ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြစ်စေရေးအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများကို စနစ်တကျ ထိန်းသိမ်းခြင်းတို့ဖြင့် ကြိုတင်ကာကွယ်မှုများကို ပြုလုပ်နိုင်ပြီး

ဒီးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရတနာဝတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။

လေပြင်းတိုက်ခတ်ခြင်း စသည့် သဘာဝဘေးဒဏ်များ မကြာခဏ ကြုံတွေ့နေကြရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုကို ရှောင်လွှဲ၍ရနိုင်မည်မဟုတ်သော်လည်း ထိခိုက်ပျက်စီးမှုအနည်းဆုံး ဖြစ်စေရေးအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ခြင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများကို စနစ်တကျထိန်းသိမ်းခြင်းတို့ဖြင့် ကြိုတင်ကာကွယ်မှုများကိုပြုလုပ်နိုင်ကြောင်း။

၂၀၂၃ ခုနှစ် မိုဃ်မုန်တိုင်းတိုက်ခတ်ပြီးချိန်တွင် ပျက်စီးမှုအများဆုံးကြုံတွေ့ခဲ့ရသည့် ရခိုင်ပြည်နယ်နှင့် ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့သည့် ပုဂံရေးဟောင်းယဉ်ကျေးမှုနယ်မြေတို့တွင် လိုအပ်သည့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် လမ်းညွှန်မှာကြားမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ပုဂံရေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရေးဟောင်းဘုရား၊ စေတီပုထိုးများသည် အဖိုးမဖြတ်နိုင်သည့် အမွေအနှစ်များဖြစ်ပြီး အစားထိုး၍မရနိုင်ကြောင်း၊ ထို့ကြောင့် ပုဂံရေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ရေဝင်ရေထွက်ကောင်းမွန်စေရေး၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် စိမ်းလန်းစိုပြည်ရေးတို့အတွက် ရေးဟောင်းရေကန်များ ပြန်လည်တူးဖော်ခြင်း၊ ရေထုတ်စနစ်များဖော်ဆောင်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်စေခဲ့ကြောင်း၊ ယင်းသို့ ဆောင်ရွက်ခဲ့သဖြင့် ယခု မိုးသည်းထန်စွာ ရွာသွန်းခဲ့ချိန်တွင် ပုဂံရေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ထိခိုက်ပျက်စီးမှုနည်းပါးခဲ့ခြင်းဖြစ်ပြီး လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို စနစ်တကျ ဆောင်ရွက်ခြင်း၏အကျိုးရလဒ်ကို သာဓကအဖြစ် တွေ့မြင်နိုင်ကြောင်း။

မိမိတို့နိုင်ငံရှိ မြစ်ချောင်းများ၏ မြစ်ဖျားပိုင်းနှင့် အထက်ပိုင်းများ၌ ရွှေနှင့် သတ္တုတူးဖော်ခြင်း၊ မြစ်ကမ်းနံဘေးရှိသစ်များအား အလွန်အကျွံခုတ်ယူခြင်းများကြောင့် သဲနုန်းများရေစီးကြောင်းအတိုင်း တဖြည်းဖြည်းစီးဆင်းဝင်ရောက်လာကာ သောင်ထွန်းခြင်းများနှင့် Bed Level မြင့်တက်ခြင်းများဖြစ်ပေါ်လျက်ရှိကြောင်း၊ ရေလမ်းကြောင်းထိန်းသိမ်းမှုအားနည်းခြင်းများကြောင့် မြစ်ချောင်းများအတွင်း သဲနုန်းများ ပို့ချမှုများပြားလာခြင်းသည် ရေကြီးရေလျှံမှုများကို ပိုမိုဖြစ်ပေါ်စေကြောင်း။

မကြာမီက ဖြစ်ပေါ်ခဲ့သည့် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် တောင်ကုန်းတောင်တန်းများပေါ်မှ တောင်ကျချောင်းရေများ အရှိန်အဟုန်ဖြင့် စီးဆင်းမှုဖြစ်ပေါ်ခဲ့ပြီး ရေစီးဆင်းရာ လမ်းကြောင်းများ

စာမျက်နှာ ၄ သို့ ○

○ **စာမျက်နှာ ၃ မှ**

တစ်လျှောက် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင် မိုးကြောင့်ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေးများအနက် အဆိုးဆုံးထိခိုက်ပျက်စီးမှု ကြုံတွေ့ခဲ့ရခြင်းပင်ဖြစ်ကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများကို စနစ်တကျထိန်းသိမ်းခြင်းဖြင့် အရှိန်အဟုန်ဖြင့် ရေစီးဆင်းမှုကို အထိုက်အလျောက် လျှော့ချနိုင်မည်ဖြစ်သကဲ့သို့ ရေစီးကြောင်းနှင့်အတူ မျောပါလာသည့် သစ်လုံးကြီးများကိုလည်း တားဆီးနိုင်မည်ဖြစ်ကြောင်း။

သစ်တောတစ်ခုကို ဖန်တီးမည်ဆိုပါက အနည်းဆုံးဆယ်နှစ်နှင့်အထက် ကြာမြင့်မည်ဖြစ်ပြီး မိမိတို့ယခုကဲ့သို့ သစ်ပင်စိုက်ပျိုးခြင်းကြောင့်ရရှိလာမည့် အကျိုးရလဒ်ကို နောင်အနာဂတ်မျိုးဆက်သစ်များက ခံစားကြရမည်ဖြစ်ကြောင်း၊ နှစ်ရှည်ပင်များသည် ချက်ချင်းအကျိုးမပြုနိုင်သော်လည်း နောင်မျိုးဆက်သစ်များအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သစ်ပင်များစိုက်ပျိုးရာတွင် **"တစ်ပင် စိုက်လျှင် တစ်ပင်ရှင်ရမည်"** ဆိုသည့်အတိုင်း ရှင်သန်အောင်စိုက်ပျိုးသွားကြရန်နှင့် ရေရှည်ဆက်လက်ကြီးထွားလာစေရေး တာဝန်ရှိသူများက စဉ်ဆက်မပြတ် ဆက်လက်ထိန်းသိမ်းသွားရန်လိုကြောင်း မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်ဇနီး၊ ညီနှင်းကွပ်ကဲရေးမှူး(ကြည်းရေလေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ အခမ်းအနားတက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများနှင့်အတူ သတ်မှတ်နေရာအသီးသီးတွင် သစ်ပင်များကို အတူတကွစုပေါင်းစိုက်ပျိုးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည် မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

၂၀၁၁ ခုနှစ်မှ ၂၀၂၄ ခုနှစ် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ ရေဆင်းဆည်ပတ်ဝန်းကျင်၌ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရ လေကာပင် စုစုပေါင်း ၂၀၁၂၅ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်

ယနေ့ပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင် ကျွန်းပင် ၉၀၀၊ မဟော်ဂနီပင် ၆၀၀၊ ပျဉ်းကတိုးပင် ၃၀၀၊ ပိတောက်ပင် ၆၀၀ စုစုပေါင်းအပင် ၂၄၀၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ရေဆင်းဆည်ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၄ ခုနှစ် တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ သစ်ပင်စိုက်ပျိုးပွဲတော် စုစုပေါင်း ၄၁ ကြိမ် ကျင်းပပြုလုပ်၍ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရ လေကာပင် စုစုပေါင်း ၂၀၁၂၅ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၂၂၅၇၃ ပင်ကို စုပေါင်းစိုက်ပျိုးပေးနိုင်ခဲ့

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီး၌လည်း မိုးရာသီသစ်ပင်စိုက်ပွဲများ ကျင်းပ၍ ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ၉၂၆၅ ပင်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၉၈၅၄ ပင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၁၇၀၉ ပင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ အပင် ၂၂၆၃၀၊ တြိုဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၂၅၆၈၅ ပင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ အပင် ၁၀၈၃၀၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၂၄၆၁၅ ပင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၂၂၉၆၉ ပင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၁၀၉၁၆ ပင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၉၅၁၅ ပင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ၁၂၈၈၇ ပင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၃၀၉၅၉ ပင်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၇၃၃၅ ပင်တို့ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး ယနေ့တွင် တပ်မတော်အနေဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုဝင်များအပါအဝင်၊ တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် တပ်ရင်းတပ်ဖွဲ့များ၌ စုစုပေါင်းသစ်ပင် ၂၂၅၇၃ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အရာရှိ၊ စစ်သည်မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။

ညီနှင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။

ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။

၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပ

မြန်မာနိုင်ငံ၏ အနာဂတ်ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ခရီးသွားလုပ်ငန်းကဏ္ဍ ဆောင်ရွက်သူတွေအားလုံး နိုင်ငံတော်အစိုးရနှင့်ပူးပေါင်းပြီး တက်ညီလက်ညီ ပါဝင်ဆောင်ရွက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် စက်တင်ဘာ ၂၇

၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း (ဗဟို ဌာန-၂)၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ခရီးသွားလုပ်ငန်း၏အရေးပါမှုနှင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်ပြီး ရရှိနိုင်သည့် လူမှုရေး၊ ယဉ်ကျေးမှု နိုင်ငံရေးနှင့်စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးများကို ပိုမိုသိရှိနားလည်နိုင်စေရန် ရည်ရွယ်ပြီး ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ ဖွဲ့စည်းတည်ထောင်မှုဆိုင်ရာ ပဋိညာဉ်ကို အတည်ပြုခဲ့သည့် ၁၉၇၀ ပြည့်နှစ် စက်တင်ဘာ ၂၇ ရက်ကို ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကမ္ဘာနိုင်ငံအသီးသီးတွင် နှစ်စဉ်ယခုရက်၌ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အခမ်းအနားများကို ကျင်းပလျက်ရှိကြကြောင်း။

နှစ်အလိုက်ဆောင်ပုဒ်များ

သတ်မှတ်ကျင်းပ

ကမ္ဘာ့ခရီးသွား လုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားများကို နှစ်အလိုက် ဆောင်ပုဒ်များ သတ်မှတ်၍ ကျင်းပခဲ့ပြီး ယခုနှစ် အတွက် "ခရီးသွားနှင့်ငြိမ်းချမ်းရေး လက်တွဲတူယှဉ် ဖော်ဆောင်ပေး – Tourism and Peace" ဆိုသည့် ဆောင်ပုဒ်ဖြင့် ဂျော်ဂျီယာနိုင်ငံ ထရီဗီလီဆီမြို့၌ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားကို အိမ်ရှင်နိုင်ငံအဖြစ်ကျင်းပလျက်ရှိကြောင်း။

အမည်ပြောင်းလဲသတ်မှတ်

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ခြင်းမှတစ်ဆင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး၊ အပြည်ပြည်ဆိုင်ရာ နားလည်မှုရရှိစေရေး၊ ငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ လူ့အခွင့်အရေးကို လေးစားရေး၊ လူမျိုးရေးခွဲခြားမှုကင်းသည့်အခြေခံလွတ်လပ်ခွင့်ရရှိရေး၊ လွတ်လပ်စွာကိုးကွယ်ခွင့်နှင့် တန်းတူအခွင့်အရေးရရှိရေးတို့ကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး ၁၉၇၆ ခုနှစ်တွင် "ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (United Nations World Tourism Organization–UNWTO)" ကို စတင်ဖွဲ့စည်းခဲ့ကြောင်း။ ယနေ့အချိန် တွင် မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၆၀ ၊ တွဲဖက်အဖွဲ့ဝင်နိုင်ငံခြောက်နိုင်ငံ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ပုဂ္ဂလိကအဖွဲ့အစည်း ၅၀၀ ကျော် တို့ပါဝင်ကာ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှစတင်ပြီး "**ကုလသမဂ္ဂ ခရီးသွားလုပ်ငန်းအဖွဲ့ (UN Tourism)**"ဟု အမည်ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း။

ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့အကြီးဆုံး ဝန်ဆောင်မှုလုပ်ငန်းများထဲတွင် တစ်ခု အပါအဝင်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်သည့် စီးပွားရေး လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ စာရင်းဇယားများအရ ကိုဗစ်-၁၉ ကပ်ရောဂါမဖြစ်ပွားမီ အချိန်က ၂၀၁၉ ခုနှစ်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် ခရီးသည်စုစုပေါင်း ၁ ဒသမ ၅ ဘီလီယံလှည့်လည်သွားလာခဲ့ပြီး ခရီးသွားလုပ်ငန်းမှ ဝင်ငွေအဖြစ် အမေရိကန် ဒေါ်လာ ၁ ဒသမ ၈ ထရီလီယံ ရရှိခဲ့ကြောင်း။ ခရီးသွားလုပ်ငန်းသည် ကမ္ဘာလုံးဆိုင်ရာ GDP တွင် ၁၀ ဒသမ ၃ ရာခိုင်နှုန်းရှိခဲ့ပြီး အလုပ်အကိုင်ပေါင်း သန်း ၃၃၀ ကို ဖန်တီးပေးနိုင်ခဲ့သည်ဟု သိရှိရပါကြောင်း။

ခရီးသွားလာမှုမှတစ်ဆင့် မတူညီသည့်နိုင်ငံများ၊ လူမျိုးများ၏သမိုင်း၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ အတွေးအခေါ်၊ ယုံကြည်မှု၊ ဓလေ့ထုံးစံများကိုသိရှိပြီး လေးစားလိုက်နာခြင်း၊ ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်း၊ ကမ္ဘာနိုင်ငံများအချင်းချင်း ခရီးသွားလာမှုပူးပေါင်းဆောင်ရွက်ခြင်း၊ ခရီးသွားအတွေ့အကြုံများမှတစ်ဆင့် ကမ္ဘာကြီးငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ခြင်းတို့ကြောင့် ငြိမ်းချမ်းရေးရရှိစေရန် ကမ္ဘာပေါ်ရှိ နိုင်ငံအများအပြားတွင် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရ

ယနေ့မျက်မှောက်ကမ္ဘာကြီးတွင် အရေးအကြီးဆုံး လိုအပ်သည့်အရာများမှာ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ဖြစ်ပြီး နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်း ပတ်ဝန်းကျင်အားလုံး စုပေါင်း၍ ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်းများကို ဖြေရှင်းပေးနိုင်ရေး ဆောင်ရွက်နေကြသည်ကိုလည်း တွေ့ရ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် ခရီးသွားမြှင့်တင်ရေးဆိုင်ရာ Short Video ဖြိုင်ပွဲတွင် ပထမဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။

မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ဝန်ကြီးဌာနများမှတာဝန်ရှိသူများ၊ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအဖွဲ့ဝင် ခရီးသွားလုပ်ငန်း တတ်သိပညာရှင်များနှင့် ပုဂ္ဂလိက ခရီးသွားအဖွဲ့အစည်းကိုယ်စားလှယ်များ၊ ၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် ပြိုင်ပွဲများတွင် ဆုရရှိကြသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်

☆ စာမျက်နှာ ၅ မှ

အတွေးအခေါ်၊ ယုံကြည်မှု၊ ဓလေ့ထုံးစံများကိုသိရှိပြီး လေးစားလိုက်နာခြင်း၊ ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်း၊ ကမ္ဘာ့နိုင်ငံများ အချင်းချင်း ခရီးသွားလာမှုများပေါင်းဆောင်ရွက်ခြင်း၊ ခရီးသွားအတွေ့အကြုံများမှတစ်ဆင့် ကမ္ဘာကြီး ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ခြင်းတို့ကြောင့် ငြိမ်းချမ်းရေးရရှိစေရန် ကမ္ဘာပေါ်ရှိ နိုင်ငံအများအပြားတွင် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရကြောင်း၊ ယနေ့မျက်မှောက်ကမ္ဘာကြီးတွင် အရေးအကြီးဆုံး လိုအပ်သည့်အရာများမှာ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ဖြစ်ပြီး နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်း ပတ်ဝန်းကျင်အားလုံးစုပေါင်း၍ ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်းများကို ဖြေရှင်းပေးနိုင်ရေး ဆောင်ရွက်နေကြသည်ကိုလည်း တွေ့ရကြောင်း။

အရင်းအမြစ်များစွာ ပိုင်ဆိုင်ထား

အားလုံးသိကြသည့်အတိုင်း မြန်မာနိုင်ငံသည် ခရီးသွားလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရန်အတွက် အရင်းအမြစ်များစွာ ပိုင်ဆိုင်ထားပြီး မတူကွဲပြားခြားနားသည့် ယဉ်ကျေးမှုများနှင့် တိုင်းရင်းသားလူမျိုးစုပေါင်း ၁၀၀ ကျော် ပေါင်းစည်းနေထိုင်ကြကြောင်း၊ အရှေ့တောင်အာရှဒေသတွင် မဟာဗျူဟာမြောက်တည်ရှိပြီး မပျက်စီးသေးသည့် ကမ်းခြေခရီးစဉ်ဒေသများ၊ မြင့်မားသည့် တောင်တန်းများ၊ ကျွန်းစုများနှင့် မြေသြဇာကောင်းသည့် လွင်ပြင်များ ကြွယ်ဝသည့်နိုင်ငံလည်း ဖြစ်ကြောင်း၊ ထို့ပြင် ထူးခြားသည့် သဘာဝအလှအပများ၊ သမိုင်းဝင်ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ၊ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့များနှင့် လူနေမှုဘဝပုံစံများ သည်ကမ္ဘာလုံးရှိခရီးသွားဧည့်သည်များကို ပိုမိုလာရောက်လည်ပတ်ကြရန် ဆွဲဆောင်နိုင်သည့်အရာများပင်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာခရီးသွားဧည့်သည်ရောက်ရှိမှုကို ကြည့်မည်ဆိုပါက ၂၀၂၃ ခုနှစ်တွင် ပြည်ပခရီးသွားဧည့်သည် တစ်သန်းကျော် ဝင်ရောက်ခဲ့ပြီး ၂၀၂၄ ခုနှစ် ပထမ ငါးလအတွင်း ငါးသိန်းကျော် ဝင်ရောက်ခဲ့သည်ကို တွေ့ရှိရသည့်အတွက် ယခင်နှစ်ကထက် ခရီးသည်ဝင်ရောက်မှု ပိုမိုတိုးတက်လာမည်ဟု မျှော်လင့်နိုင်ကြောင်း၊ နိုင်ငံတော်အစိုးရ အနေဖြင့် စီးပွားရေး ပြန်လည်ဦးမော့လာစေရန် ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိသည့်နေရာတွင် နိုင်ငံ၏စီးပွားရေးကို အထောက်အကူပြုစေမည့် ခရီးသွားလုပ်ငန်းကိုလည်း အလေးထားဆောင်ရွက်လျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်င ဖွံ့ဖြိုးတိုးတက်ရန် အခြေခံအကျဆုံးနှင့် အဓိကအကျဆုံး ပကတိလိုအပ်ချက်သည် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးပင် ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ငြိမ်းချမ်းကြောင်း၊ ငြိမ်းချမ်းရေး တည်ဆောက်ခြင်းဖြင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွား ဘဝကိုပြန်လည်ထူထောင်နိုင်မည် ဖြစ်သည့်အတွက် ငြိမ်းချမ်းရေး၏ အရသာနှင့် အသီးအပွင့်များကို ရရှိခံစားလာနိုင်မည် ဖြစ်ခြင်းကြောင့် လက်ရှိဆူပူအကြမ်းဖက်မှုများ လျော့နည်းပျောက်ရေးနှင့် ဒေသတည်ငြိမ်အေးချမ်းရေးကို ဦးစားပေးလုပ်ဆောင်ကြရမည် ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။

☆ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာခရီးသွားဧည့်သည်ရောက်ရှိမှုကို ကြည့်မည်ဆိုပါက ၂၀၂၃ ခုနှစ်တွင် ပြည်ပခရီးသွားဧည့်သည် တစ်သန်းကျော် ဝင်ရောက်ခဲ့ပြီး ၂၀၂၄ ခုနှစ် ပထမ ငါးလအတွင်း ငါးသိန်းကျော် ဝင်ရောက်ခဲ့သည်ကို တွေ့ရှိရသည့်အတွက် ယခင်နှစ်ကထက် ခရီးသည်ဝင်ရောက်မှု ပိုမိုတိုးတက်လာမည်ဟု မျှော်လင့်နိုင်

ခုနှစ်တွင် ပြည်ပခရီးသွားဧည့်သည် တစ်သန်းကျော် ဝင်ရောက်ခဲ့ပြီး ၂၀၂၄ ခုနှစ် ပထမ ငါးလအတွင်း ငါးသိန်းကျော် ဝင်ရောက်ခဲ့သည်ကို တွေ့ရှိရသည့်အတွက် ယခင်နှစ်ကထက် ခရီးသည်ဝင်ရောက်မှု ပိုမိုတိုးတက်လာမည်ဟု မျှော်လင့်နိုင်ကြောင်း၊ နိုင်ငံတော်အစိုးရ အနေဖြင့် စီးပွားရေး ပြန်လည်ဦးမော့လာစေရန် ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိသည့်နေရာတွင် နိုင်ငံ

ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် လက်တွေ့ကျပြီး ဖြစ်နိုင်သည့်လုပ်ဆောင်ချက်များကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း။ ထိုသို့ဆောင်ရွက်ရာတွင် တိုင်းရင်းသားခေါင်းဆောင်များကိုယ်တိုင်ကလည်း နိုင်ငံတော်အစိုးရနှင့်လက်တွဲပြီး ဒေသဖွံ့ဖြိုးရေးနိုင်ရာ လုပ်ငန်းများတွင် အားတက်သရော ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည် ဆိုပါက တိုင်းရင်းသားများ၏ ဒေသဖွံ့ဖြိုးရေးသည် လျင်လျင်မြန်မြန် တိုးတက်ဖြစ်ထွန်းလာမည်ဖြစ်

ဝန်ကြီးဌာနနှင့် ခရီးသွားအဖွဲ့အစည်းများအနေဖြင့် ခရီးသွားလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်ခြင်းနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေရာတွင် မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများသည် လုံခြုံစိတ်ချဘေးအန္တရာယ်ကင်းစွာသွားလာလည်ပတ်နိုင်သည့် ပကတိအခြေအနေမှန်များကို ခရီးသွားဧည့်သည်များထံ အချိန်တိုတိုအတွင်း ထိထိရောက်ရောက်သိရှိစေမည့် နည်းလမ်းများကို အသုံးပြုဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ပုဂ္ဂ

ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ခရီးသွားလုပ်ငန်းကဏ္ဍ ဆောင်ရွက်သူများအားလုံး နိုင်ငံတော်အစိုးရနှင့်ပူးပေါင်းပြီး တက်ညီလက်ညီ ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အတွေ့ထွေ့အတွင်းရေးမှူးချုပ်၏ သတင်းစကားရုပ်သံဗီဒီယိုနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ Video Clip ကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် ခရီးသွားမြှင့်တင်ရေးဆိုင်ရာ Short Video ပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကောင်စီတွဲဖက်အတွင်းရေးမှူးက ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် ဆောင်းပါးနှင့် ကျပန်းစကားပြောပြိုင်ပွဲများတွင် ဆုရရှိသူများအား လည်းကောင်း၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးက ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသားကျောင်းသူများအား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည်

တက်ညီလက်ညီ ပါဝင်ဆောင်ရွက်

"ခရီးသွားနှင့် ငြိမ်းချမ်းရေး လက်တွဲတူယှဉ် ဖော်ဆောင်ပေး"

ဟူသည့် ၂၀၂၄ ခုနှစ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် ဆောင်ပုံဒ်နှင့်အညီ မြန်မာနိုင်ငံ၏ အနာဂတ်ခရီးသွားလုပ်ငန်း ရေရှည်လိုက ခရီးသွားလုပ်ငန်း ဆောင်ရွက်သူများကလည်း ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယင်းနောက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အတွေ့ထွေ့အတွင်းရေးမှူးချုပ်၏ သတင်းစကားရုပ်သံဗီဒီယိုနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ Video Clip ကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် ခရီးသွားမြှင့်တင်ရေးဆိုင်ရာ Short Video ပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကောင်စီတွဲဖက်အတွင်းရေးမှူးက ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် ဆောင်းပါးနှင့် ကျပန်းစကားပြောပြိုင်ပွဲများတွင် ဆုရရှိသူများအား လည်းကောင်း၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးက ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသားကျောင်းသူများအား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ခရီးစဉ်ဒေသအလိုက်ပြခန်းများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ ပြသထားသည့်ပြခန်းများ၊ ဝန်ကြီးဌာနအလိုက်ပြခန်းများနှင့် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

❖ စာမျက်နှာ ၂၄ မှ

အဖွင့်အမှာစကား ပြောကြားရာတွင် စက်တင်ဘာ ၁၇ ရက်က ကျင်းပပြုလုပ်ခဲ့သည့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန်ချက်နှင့် မူဝါဒများ ချမှတ်ပေးခဲ့ကြောင်း၊ အဆိုပါ လမ်းညွှန်ချက်များနှင့် မူဝါဒများကိုလည်း သက်ဆိုင်ရာ ကော်မတီများသို့ ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်း၊ လမ်းညွှန်ချက်များနှင့်စပ်လျဉ်း၍ လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်မှုကိုလည်း သုံးသပ်နေရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်က ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို ၂၀၂၅ ခုနှစ် မတ် ၁၅ ရက်တွင် အပြီးဆောင်ရွက်ရန် လမ်းညွှန်မှာကြားထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် အချိန်အကန့်အသတ်များရှိသည့်အတွက် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများ အလိုက် အလျင်အမြန်အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း။

အခြေခံပညာကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး

နိုင်ငံတော် ဝန်ကြီးချုပ်အနေဖြင့် ရေကြီးရေလျှံမှုကြောင့် ယာယီပိတ်ထားရသည့် အခြေခံပညာကျောင်းများကို အောက်တိုဘာလအတွင်း အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး လမ်းညွှန်မှာကြားထားသည့်အတွက် သတ်မှတ်ကာလအတွင်း ဖြစ်နိုင်သရွေ့ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး အားသွန်ခွန်စိုက် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။ ထို့ပြင် ကယ်ဆယ်ရေးစခန်းများရှိ ပြည်သူများကိုလည်း သက်ဆိုင်ရာ နယ်မြေအလိုက် ရေပြန်ကျချိန်များတွင် မိမိတို့၏အိမ်များသို့ ပြန်လည်ပြီး အခြေချနေထိုင်နိုင်ရေးနှင့် ပျက်စီးမှုများ ပြုပြင်ပေးနိုင်ရေးကိုလည်း တတ်နိုင်သရွေ့ ဝိုင်းဝန်းကူညီပြီး ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့သည့် လမ်းတံတားများနှင့် စပ်လျဉ်း၍ အဓိကလမ်းမကြီးများနှင့် လမ်းသွယ်များအလိုက် လမ်းပျက်စီးမှုများကို ဦးစားပေးအလိုက် ပြုပြင်ထိန်းသိမ်းခြင်း၊ လုံးဝပျက်စီးသွားသည့် တံတားများ လတ်တလောသွားလာနိုင်ရန် ယာယီတံတားများ ဆောင်ရွက်ပေးရန်နှင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမရှိစေရေး လမ်းညွှန်မှာကြားထားသည့်အတွက် အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် မြေပြင်စာရင်းမှန်ကန်ရေးမှာ အရေးကြီးသည့်အတွက် ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်း ကော်မတီက စာရင်းအချက်အလက် ကောက်ယူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။ သို့မဟုတ် အချက်အလက် မှန်မှန်ကန်ကန်သိရှိပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း။

နည်းလမ်းမျိုးစုံဖြင့် သွားရောက်

ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်မှုအပိုင်းတွင် ယနေ့အချိန်ထိ ဆောင်ရွက်လျက်ရှိပြီး ဘေးဒုက္ခရောက်သည့်နေရာအားလုံးသို့ ကူညီကယ်ဆယ်ရေးအဖွဲ့များ မရောက်မရှိမဖစ်စေရေး အထူးသဖြင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်ဒေသများသို့ သက်ဆိုင်ရာ တာဝန်ရှိသူများက နည်းလမ်းမျိုးစုံဖြင့် သွားရောက် ကူညီကယ်ဆယ်ရေးများ လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပျက်စီးဆုံးရှုံးမှုများနှင့် ပြန်လည်ထူထောင်ရေး အတွက်ဆောင်ရွက်ပေးရမည့်အချက်များကို ဆွေးနွေးနိုင်ရန် တာဝန်ရှိသူများက အချက်အလက်များ ပေးပို့ထားပြီးဖြစ်ကြောင်း။ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Centre) အနေဖြင့် စက်တင်ဘာ ၁၂ ရက်မှ စတင်၍ လုပ်ငန်းများဆောင်ရွက်ပြီး စာရင်းကောက်ယူ၍ သက်ဆိုင်ရာသို့ အချိန်နှင့်တစ်ပြေးညီ ညွှန်ကြားချက်များ ထုတ်ပြန်ပေးနိုင်ရေးအတွက် နေ့ညတာဝန်ပေးအပ်ပြီး အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဦးစားပေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ပေးရမည့်လုပ်ငန်းများကိုလည်း အဆင့်အလိုက် ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာနက တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ DMC အဖွဲ့များနှင့် ချိတ်ဆက်ပြီး လုပ်ငန်းများ အလေးထား ဆောင်ရွက်နိုင်ရေးကို တွန်းအားပေးရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များအပြင် အခြားဆောင်ရွက်ရမည့်ကိစ္စရပ်များကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အောက်တိုဘာ ၁ ရက်တွင် စတင်ဆောင်ရွက်မည့် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း လုပ်ငန်းမစတင်မီ ကယ်ဆယ်ရေးစခန်းများမှ ရေဘေးသင့်ပြည်သူများ မူလနေရပ်သို့ အတတ်နိုင်ဆုံး ပြန်လည်ရောက်ရှိရန် လိုအပ်ပြီး ထောက်ပံ့ပေးအပ်မှုများကို ဆွေးနွေးတိုင်ပင်ပြီး အတည်ပြုလျှထားနှုန်းထား အပေါ်မူတည်၍ အမြန်ဆုံးထောက်ပံ့ပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရေဘေးသင့်ပြည်သူများ အနေဖြင့် မိမိနေရာ၊ မိမိဒေသရှိ ကိုယ့်အိမ်၊ ကိုယ့်ရာများသို့ ပြန်လည်သွားရောက်ပြီး အမြန်ဆုံးပြုပြင်နေထိုင်ခြင်းဖြင့် လုံခြုံမှုရှိပြီး ရေရှည်ကောင်းမွန်သည့် လူမှုဘဝကို ရေကြီးရေလျှံမှုကြောင့် ယာယီပိတ်ထားရသည့် အခြေခံပညာကျောင်းများကို အောက်တိုဘာလအတွင်း အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး လမ်းညွှန်မှာကြားထားသည့်အတွက် သတ်မှတ်ကာလအတွင်း ဖြစ်နိုင်သရွေ့ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး အားသွန်ခွန်စိုက် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။ ထို့ပြင် ကယ်ဆယ်ရေးစခန်းများရှိ ပြည်သူများကိုလည်း သက်ဆိုင်ရာ နယ်မြေအလိုက် ရေပြန်ကျချိန်များတွင် မိမိတို့၏အိမ်များသို့ ပြန်လည်ပြီး အခြေချနေထိုင်နိုင်ရေးနှင့် ပျက်စီးမှုများ ပြုပြင်ပေးနိုင်ရေးကိုလည်း တတ်နိုင်သရွေ့ ဝိုင်းဝန်းကူညီပြီး ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့သည့် လမ်းတံတားများနှင့် စပ်လျဉ်း၍ အဓိကလမ်းမကြီးများနှင့် လမ်းသွယ်များအလိုက် လမ်းပျက်စီးမှုများကို ဦးစားပေးအလိုက် ပြုပြင်ထိန်းသိမ်းခြင်း၊ လုံးဝပျက်စီးသွားသည့် တံတားများ လတ်တလောသွားလာနိုင်ရန် ယာယီတံတားများ ဆောင်ရွက်ပေးရန်နှင့် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမရှိစေရေး လမ်းညွှန်မှာကြားထားသည့်အတွက် အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် မြေပြင်စာရင်းမှန်ကန်ရေးမှာ အရေးကြီးသည့်အတွက် ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်း ကော်မတီက စာရင်းအချက်အလက် ကောက်ယူရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ပြီးပြီးချင်း ဒေသကြီးနှင့် ပြည်နယ်အလိုက် ပျက်စီးဆုံးရှုံးမှုများနှင့် ပြန်လည်ထူထောင်ရေး အတွက်ဆောင်ရွက်ပေးရမည့်အချက်များကို ဆွေးနွေးနိုင်ရန် တာဝန်ရှိသူများက အချက်အလက်များ ပေးပို့ထားပြီးဖြစ်ကြောင်း။ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Centre) အနေဖြင့် စက်တင်ဘာ ၁၂ ရက်မှ စတင်၍ လုပ်ငန်းများဆောင်ရွက်ပြီး စာရင်းကောက်ယူ၍ သက်ဆိုင်ရာသို့ အချိန်နှင့်တစ်ပြေးညီ ညွှန်ကြားချက်များ ထုတ်ပြန်ပေးနိုင်ရေးအတွက် နေ့ညတာဝန်ပေးအပ်ပြီး အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဦးစားပေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ပေးရမည့်လုပ်ငန်းများကိုလည်း အဆင့်အလိုက် ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာနက တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ DMC အဖွဲ့များနှင့် ချိတ်ဆက်ပြီး လုပ်ငန်းများ အလေးထား ဆောင်ရွက်နိုင်ရေးကို တွန်းအားပေးရမည်ဖြစ်ကြောင်း။

> ❒ ရေကြီးရေလျှံမှုကြောင့် ယာယီပိတ်ထားရသည့် အခြေခံပညာကျောင်းများကို အောက်တိုဘာလအတွင်း အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး လမ်းညွှန်မှာကြားထားသည့်အတွက် သတ်မှတ်ကာလအတွင်း ဖြစ်နိုင်သရွေ့ ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေး အားသွန်ခွန်စိုက်ဆောင်ရွက်သွားရမည်ဖြစ်
>
> ❒ ထို့ပြင် ကယ်ဆယ်ရေးစခန်းများရှိ ပြည်သူများကိုလည်း သက်ဆိုင်ရာနယ်မြေအလိုက် ရေပြန်ကျချိန်များတွင် မိမိတို့၏အိမ်များသို့ ပြန်လည်ပြီး အခြေချနေထိုင်နိုင်ရေးနှင့် ပျက်စီးမှုများ ပြုပြင်ပေးနိုင်ရေးကိုလည်း တတ်နိုင်သရွေ့ ဝိုင်းဝန်းကူညီပြီး ဆောင်ရွက်ပေးသွားရမည်ဖြစ်

ထိထိရောက်ရောက်ဆွေးနွေး

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာ ဒေသအလိုက် ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှုအခြေအနေ၊ လက်ရှိနောက်ဆုံးအခြေအနေ၊ တိုးတက်မှုအခြေအနေ၊ လမ်းတံတားပျက်စီးမှု၊ ပြန်လည်ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ခြင်း၊ ကျောင်းသားများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ယာယီပိတ်ထားသည့် ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် အစားထိုး ပြန်လည်သင်ကြားနိုင်ရန် အချိန်ဇယားများ ရေးဆွဲထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများက ရေကြီးနစ်မြုပ်မှုများကြောင့် ပျက်စီးဆုံးရှုံးမှု၊ သေဆုံး၊ ပျောက်ဆုံးခဲ့မှုအခြေအနေ၊ လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်စေရေးအတွက် လမ်းတံတားများအား ပြန်လည်ပြုပြင်တည်ဆောက်နေမှု၊ ရေနစ်မြုပ်မှုကြောင့် ရာသီသီးနှံစိုက်ဧကများကို အစားထိုးသီးနှံများ ပြန်လည်စိုက်ထိုးနိုင်ရေး စီစဉ်ဆောင်ရွက်နေမှုနှင့် အလျူဂွေများ၊ ထောက်ပံ့ရေးပစ္စည်းများရရှိမှုအလိုက် ဖြန့်ခွဲပေးနေမှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရာပြည်၊ ဒေါက်တာစိုးဝင်းနှင့် ဦးကိုကိုလှိင်တို့က ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိမှု၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့် ပရဟိတအဖွဲ့များက ရှာဖွေကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးစသည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အလှူငွေ၊ အစားအသောက်နှင့် ဆေးဝါးများအပြင် လိုအပ်သည့်အခြားထောက်ပံ့ပစ္စည်းများ ထောက်ပံ့ပေးနေမှု၊ ရေဘေးသင့်ပြည်သူများ မူလနေရပ် ပြန်လည်နေထိုင်နိုင်ရေး ဆောင်ရွက်ပေးနေမှု၊ ကော်မတီမှ စားနပ်ရိက္ခာများ ထောက်ပံ့ပေးလျက်ရှိမှု၊ ပျက်စီးသွားသည့် နေအိမ်များ၊ ဆုံးရှုံးသွားသည့် ပစ္စည်းများနှင့် သေဆုံးသူများအတွက် ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ထောက်ပံ့ပေးအပ်နေမှု၊ ပြည်ပနိုင်ငံများမှ လှူဒါန်းသည့် ပစ္စည်းများလက်ခံရရှိမှု၊ သတင်းအချက်အလက်နှင့် နည်းပညာဖလှယ်ရေးဆိုင်ရာကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်များအား အရေးပေါ်တုံ့ပြန်နိုင်ရေး ပြင်ဆင်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက ရာဂီတိုင်ဖွန်းမုန်တိုင်းကြောင့် အခြေခံပညာကျောင်းများနှင့် ပညာရေးရုံးများ၏ ယာယီပိတ်ထားမှု၊ ပျက်စီးဆုံးရှုံးခဲ့မှု၊ ရေပြန်လည်ကျဆင်းသွားသည့် ဒေသများရှိ ကျောင်းများပြန်လည်ဖွင့်လှစ်သင်ကြားနေမှုနှင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ယာယီပိတ်ထားသည့် ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် အစားထိုး ပြန်လည်သင်ကြားနိုင်ရန် အချိန်ဇယားများ ရေးဆွဲထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ရှင်းလင်းတင်ပြ

ထို့နောက် လုပ်ငန်းကော်မတီ အတွင်းရေးမှူးများ ဖြစ်ကြသည့် အမြတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက လမ်းညွှန်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

တိုင်ဖွန်းမုန်တိုင်း ရာဂီအရှိန်ကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်းများ ဖြစ်ပေါ်ခဲ့ရာ ပျက်စီးဆုံးရှုံးမှုနှင့် သေဆုံးမှုများအနေဖြင့် စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်း စာရင်းဇယားများအရ နိုင်ငံတစ်ဝန်း၌ မြို့နယ် ၁၁၀၊ လူနေအိမ် ၁၁၅၀၀၂ လုံး၊ ရုံးဌာနအဆောက်အအုံ ၁၂၉ လုံး၊ စာသင်ကျောင်း ၃၃၃ ကျောင်း၊ ဘာသာရေးကျောင်း ၂၂၈ ကျောင်း၊ လမ်း/တံတားပျက်စီးမှု ၁၃၅၈ ခု၊ လျှပ်စစ်မီးတိုင် ၅၆၂၂ တိုင်၊ ဆက်သွယ်ရေးတိုင် ၁၁၄ တိုင်၊ စပါးစိုက်ဧက ၇ သိန်း ၈ သောင်းကျော် ထိခိုက်ပျက်စီးခဲ့ကာ သေဆုံးသူ ၄၃၃ ဦး၊ မျောပါပျောက်ဆုံးသူ ၇၉ ဦးရှိပြီး တိရစ္ဆာန်သေဆုံးမှုအနေဖြင့် ၁၇၆၂၄၆ ကောင် ရှိကြောင်း သိရှိရပြီး ရေဘေးသင့်ဒေသများသို့ လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ရန် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Centre) ဖွဲ့စည်းပြီး ၂၄ နာရီ အရေးပေါ်ရုံးခန်း ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

သတင်းစဉ်

နေရာအနှံ့အပြား မိုးထစ်ချုန်း ရွာမည်

နေပြည်တော် စက်တင်ဘာ ၂၇

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် နေရာကွက်ကျား၊ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားနည်းနေမည်။

လာမည့် စနေ၊ တနင်္ဂနွေအားလပ်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ရန်ကုန်တိုင်းဒေသကြီးတွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

မိုး/ဧလ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၇၅) နှစ်မြောက်အထိမ်းအမှတ် ဧည့်ခံပွဲအခမ်းအနား ကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဌေး တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၇

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ တည်ထောင်သည့် (၇၅) နှစ်မြောက်အထိမ်းအမှတ် ဧည့်ခံပွဲ အခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ရှိ Wyndham Grand Yangon ဟိုတယ်၌ ကျင်းပရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဌေးနှင့် ဧနီး တက်ရောက်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဌေး တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၇၅)နှစ်မြောက်အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ဓာတ်ပုံပြခန်းကို လှည့်လည်ကြည့်ရှုစဉ်။

ကြိုဆိုနှုတ်ဆက်

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဌေးနှင့် အဖွဲ့ဝင်များသည် အဆိုပါအခမ်းအနားကျင်းပသည့်နေရာသို့ ရောက်ရှိကြရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Ms. Ma Jia၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံစစ်သံမှူး Senior Colonel Qu Zhe နှင့် တာဝန်ရှိသူတို့က ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၇၅) နှစ်မြောက် အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ဓာတ်ပုံပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

အစီအစဉ်အရ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ နိုင်ငံတော်သီချင်းနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဌေးနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Ms. Ma Jia တို့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့်(၇၅)နှစ်မြောက် အထိမ်းအမှတ်ကိတ်မုန့်ကို လိုးဖြတ်ပေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံ သံအမတ်ကြီးနှင့် တရုတ်နိုင်ငံစစ်သံမှူးတို့က အခမ်းအနားသို့ တက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံခဲ့သည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တပ်မတော် အရာရှိကြီးများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီးကို လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၂၇

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီး မစ္စစ် ပွန်နမ်ပီရူးမား အာရာချ်ချီဂီ ပရာဘာရှိနို့ ပွန်နမ်ပီရူးမားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

အမြင်ချင်းဖလှယ်ဆွေးနွေး

တွေ့ဆုံစဉ် မြန်မာ-သီရိလင်္ကာနှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ပိုမိုခိုင်မာအောင်ဆောင်ရွက်ရေးနှင့် စီးပွားရေး၊ ကောင်စစ်၊ အိုင်တီနည်းပညာ၊ စိုက်ပျိုးရေးနှင့် သာသနာရေးဆိုင်ရာ ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ အာရှ-ပစိဖိတ် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (APF)၏ (၂၉) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၇

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ စက်တင်ဘာ ၂၄ ရက်မှ ၂၅ ရက်အထိ ကျင်းပခဲ့သော အာရှ-ပစိဖိတ် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်(APF)၏ (၂၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးသို့ အာရှ-ပစိဖိတ် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများ ဖိုရမ်(APF)၏ အဖွဲ့ဝင်နိုင်ငံ ၂၆ နိုင်ငံရှိ လူ့အခွင့်အရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး အာရပ်စော်ဘွားများပြည်ထောင်စု(UAE)၊ တရုတ်(တိုင်ပေ)နှင့် ပါကစ္စတန်နိုင်ငံ လူ့အခွင့်အရေးကော်မရှင်များမှ ကိုယ်စားလှယ်များ၊ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီးမှ ကိုယ်စားလှယ်များနှင့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံးမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်မှ ကိုယ်စားလှယ်များက လေ့လာသူများအဖြစ် တက်ရောက်ကြသည်။

အစည်းအဝေး ပထမနေ့တွင် ဖိုရမ်၏ တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှု အစီရင်ခံခြင်းကိစ္စရပ်များ၊ ဖိုရမ်အဖွဲ့ ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များ၊ ဖိုရမ်နှင့် အရပ်ဘက်အဖွဲ့အစည်းများ အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေး ဒုတိယနေ့တွင် ဖိုရမ် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် လေ့လာသူများအဖြစ် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်များဖြစ်သည့် ကျား၊ မ တန်းတူညီမျှမှု၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် ဆက်စပ်အခွင့်အရေးဆိုင်ရာကိစ္စများ၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ အခွင့်အရေးဆိုင်ရာကိစ္စများ စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးတင်ပြခြင်း အစီအစဉ်ကို ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါအစီအစဉ်တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌက ကျား၊ မ တန်းတူညီမျှရေး(Gender Equality)ခေါင်းစဉ်ဖြင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က ဆောင်ရွက်နေမှုနှင့် နိုင်ငံတော်၏ အမျိုးသမီးရေးရာကဏ္ဍ ဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်နေမှုကဏ္ဍများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဖိုရမ်နှစ်ပတ်လည် အစည်းအဝေးနှင့် တစ်ဆက်တည်းကျင်းပ ပြုလုပ်သည့် "အာရှ-ပစိဖိတ်အကြီးတန်း အရာရှိများကွန်ရက် အစည်းအဝေး" သို့ ကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဦးဇေယျာလင်း တက်ရောက်ပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၏ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြခြင်း၊ တက်ရောက်လာသူများ၏ မေးမြန်းမှုများကို တာဝန်ရှိသူများက ဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြပြီး နှစ်ပတ်လည် အစည်းအဝေးကို စက်တင်ဘာ ၂၅ ရက် ညနေပိုင်းတွင် ရပ်သိမ်းလိုက်သည်။

စက်တင်ဘာ ၂၆ ရက်တွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့သည် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်သည့် ဖိတ်ခေါ်ချက်နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မှာတော့ စက်တင်ဘာလ ၂၆ ရက်နေ့ မနေ့ကထုတ်ပြန်ကြေညာခဲ့တဲ့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ဖြေရှင်းဖို့ ဖိတ်ခေါ်ချက်နဲ့ ပတ်သက်ပြီး မီဒီယာများရဲ့ မေးမြန်းမှုများကို တစ်ပေါင်းတည်း ရှင်းလင်းပြောကြားသွားပါမယ်။

တပ်မတော်အနေနဲ့ နိုင်ငံရေးတာဝန် ရယူခဲ့ရခြင်းရဲ့ အဓိကအခြေခံ အကြောင်းတရားကတော့ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ မဲမသမာမှုတွေ ဖြစ်ပွားခဲ့တဲ့အတွက် ဖြစ်ပါတယ်။ ဒါ နိုင်ငံရေးအရ မသမာမှုလုပ်ခြင်းပဲ ဖြစ်ပါတယ်။ နိုင်ငံရေးအရ ညစ်တယ်လို့လည်း ဆိုနိုင်ပါလိမ့်မယ်။ နိုင်ငံရေးပြဿနာပါ။ ဒါကို နိုင်ငံရေးနည်းအရ ဖြေရှင်းဖို့ တပ်မတော်က တရားဥပဒေနဲ့အညီ တောင်းဆိုခဲ့ပါတယ်။ လွတ်တော်နည်းလမ်း၊ အခြေခံဥပဒေခုံရုံးနည်းလမ်း၊ တရားလွှတ်တော်ချုပ်နည်းလမ်း၊ အစိုးရနဲ့ အဓိကတာဝန်ရှိသူတွေက ဖြေရှင်းပေးရမယ့်နည်းလမ်း စတဲ့နည်းလမ်းပေါင်းစုံနဲ့ ဖြေရှင်းဖို့ ဆောင်ရွက်ခဲ့ပါတယ်။ မရခဲ့ပါဘူး။ နိုင်ငံရေးနည်းလမ်းနဲ့မဖြေရှင်းဘဲ ဒီမိုကရေစီရဲ့ ဆန့်ကျင်ဘက် လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ပြီး NUG၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေ တည်ထောင်ပြီး အကြမ်းဖက်မှုများ ကျူးလွန်ခဲ့ပါတယ်။ ပြည်သူကို ခြိမ်းခြောက်ခဲ့ပါတယ်။ ဒီလိုအကြမ်းဖက်မှု၊ PDF တွေရဲ့ တိုက်ခိုက်မှုတွေကြောင့် ဒီနေ့ စက်တင်ဘာလ ၂၇ ရက်နေ့အထိ နိုင်ငံတစ်ဝန်းမှာ ပညာရေးဝန်ထမ်း ဆရာ ဆရာမ ၇၅ဦး၊ ကျန်းမာရေးဝန်ထမ်း ၁၇ ဦး၊ ရဟန်း သံဃာ ၈၄ ပါး အပါအဝင် အပြစ်မဲ့ပြည်သူ ၆၇၀၀ ကျော် သေဆုံးခဲ့ရပါတယ်။ ဗုံးဖောက်ခွဲမှု ၉၀၀၀ ကျော်လောက် ဖြစ်ပွားခဲ့ပါတယ်။ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ စက်ရုံ၊ အလုပ်ရုံ၊ ဘဏ်များ၊ လူနေအိမ်များအပါအဝင် အခြေခံအဆောက်အအုံ မီးရှို့ဖျက်ဆီးခဲ့မှု ၁၃၀၀ ကျော် ရှိခဲ့ပါတယ်။ ဒါဟာ နိုင်ငံတော်နဲ့ ပြည်သူလူထုရဲ့ နှစ်နာမှုတွေပဲဖြစ်ပါတယ်။ ဒီအကြမ်းဖက်မှုတွေကြောင့် နိုင်ငံတော်တည်ငြိမ်ရေး၊ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတွေကို များစွာထိခိုက်ခဲ့ရပါတယ်။ ဒါကြောင့်လည်း ဒီကြေညာချက်ကို ထုတ်ခြင်းဖြစ်ပါတယ်။

ဒီကြေညာချက်ထုတ်ပြန်ရခြင်း အကြောင်းအရင်းတွေကတော့ (၁) ယနေ့မြန်မာနိုင်ငံရဲ့ အခြေအနေ၊ (၂) ပြောင်းလဲလာတဲ့ နိုင်ငံတကာ အခြေအနေ၊ (၃) ငြိမ်းချမ်းရေးကိုလိုလားတဲ့ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များရဲ့ သဘောဆန္ဒတွေ ကြောင့်ပဲ ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့နိုင်ငံမှာ ပြည်သူလူထုရဲ့ဆန္ဒဖြစ်တဲ့ ပါတီစုံဒီမိုကရေစီစနစ်ကိုပြန်သွားနိုင်ဖို့ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေကို စတင်နေပြီဖြစ်ပါတယ်။ နိုင်ငံသူ နိုင်ငံသားတိုင်း နေရာဒေသမရွေး ဒီမိုကရေစီစနစ်ကို ရယူခံစားနိုင်ခွင့်ရှိဖို့လိုပါတယ်။ ပြည်သူ့အစိုးရကို ပြည်သူလူထုက လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ရှိရုပါမယ်။ ဒီအတွက် လွတ်လပ်စွာဆန္ဒမဲပေးနိုင်ရပါမယ်။ ဒီလိုဖြစ်ဖို့ လုံခြုံရေးနဲ့ တည်ငြိမ်အေးချမ်းရေးဟာ အရေးကြီးလှပါတယ်။ ဒါကိုဖော်ဆောင်နိုင်ဖို့ ဒီကြေညာချက် ထွက်ပေါ်လာရခြင်းဖြစ်ပါတယ်။

ဒုတိယအနေနဲ့ ဒီနေ့ ကျွန်တော်တို့နိုင်ငံရဲ့ ဒေသတော်တော်များများမှာ မိုးနှောင်းကာလ ရေကြီးရေလျှံမှုဒဏ်တွေ၊ သဘာဝဘေးဒဏ်ခံခဲ့ရပါတယ်။ နှစ် ၅၀/၁၀၀ အတွင်းမှာ အဆိုးရွားဆုံးဖြစ်စဉ်ပါပဲ။ ဒီအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ တော်တော်ပြင်းပြင်းထန်ထန်ကို ကျွန်တော်တို့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို အလျင်အမြန်ဆောင်ရွက်နိုင်ဖို့၊ တည်ငြိမ်အေးချမ်းဖို့ လိုပါတယ်။ ပြည်သူတွေအပေါ်မှာ တစ်ပူပေါ် နှစ်ပူအဆင့် မခံစေချင်ပါဘူး။ ဒါကြောင့် ပြည်သူလူထုအပေါ် စာနာထောက်ထားပြီးငြိမ်းချမ်းရေးလမ်းကို လျှောက်လှမ်းဖို့ မေတ္တာရပ်ခံရခြင်းဖြစ်ပါတယ်။

ဒုတိယအချက်အနေနဲ့ကတော့ ဒီနေ့ နိုင်ငံတကာ အခြေအနေတွေကို လေ့လာကြည့်ရင် ကမ္ဘာ့အင်အားကြီးနိုင်ငံများ၊ ဒေသတွင်းအင်အားကြီးနိုင်ငံများရဲ့ အကျိုးစီးပွားပြိုင်ဆိုင်မှုဟာ ပိုမိုများပြားပြင်းထန်လာတာကို တွေ့ရပါမယ်။ ရုရှား-ယူကရိန်းကိစ္စ၊ အရှေ့အလယ်ပိုင်းကိစ္စ၊ တောင်တရုတ်ပင်လယ်ကိစ္စတွေဟာ ထင်ရှားတဲ့ မြင်ကွင်းတွေပဲဖြစ်ပါတယ်။ ဒီလို အခြေအနေမျိုးမှာ ကျွန်တော်တို့နိုင်ငံလို နိုင်ငံငယ်တွေအနေနဲ့ ပြည်တွင်းစည်းလုံးညီညွတ်မှုခိုင်မာဖို့ လိုအပ်ပါတယ်။ ပြည်တွင်းစည်းလုံးညီညွတ်မှုယိုင်နဲ့နေရင် နိုင်ငံတကာ ဖြိုင်ဆိုင်မှုတွေအကြားမှာ နိုင်ငံပါဟျောက်သွားနိုင်တဲ့အထိ အန္တရာယ်ကြီးမားလာပါတယ်။ ဒါကြောင့်လည်း ပြည်တွင်းညီညွတ်မှုကို ဦးတည်ပြီး ဒီကြေညာချက် ထွက်ပေါ်လာရခြင်းပဲဖြစ်ပါတယ်။ တတိယအချက်အနေနဲ့ကတော့ တည်ငြိမ်အေးချမ်းရေးကိုလိုလားတဲ့ တချို့သောတိုင်းရင်းသားလက်နက်ကိုင် EAOs အဖွဲ့များအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များရဲ့ ဆန္ဒသဘောထားတွေကြောင့်ပါပဲ။ ပြည်သူလူထုရဲ့ နေ့စဉ်လှုပ်ရှားမှုပေါ်မှာ ဘဝလုံခြုံရေး၊ တိုးတက်ရေးကိုလိုလားတဲ့ အဖွဲ့အစည်းအသီးသီး၊ လူပုဂ္ဂိုလ်အသီးသီးက နိုင်ငံတော်အစိုးရနဲ့ နိုင်ငံတော်အကြီးအကဲများထံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို မြှင့်တင်ဆောင်ရွက်ဖို့ အကြံပြု၊ ဆန္ဒပြုကြပါတယ်။ ဒီအဖွဲ့အစည်းအသီးသီး၊ လူပုဂ္ဂိုလ်အသီးသီးရဲ့ ငြိမ်းချမ်းရေးဆန္ဒကို ကျွန်တော်တို့ အစိုးရက ကျေးဇူးအထူးတင်ပါကြောင်းနဲ့ အထူးအလေးထားပါကြောင်းလည်း ပြောကြားလိုပါတယ်။

တပ်မတော်အနေနဲ့ နိုင်ငံတော်တာဝန်ကို ရယူထမ်းဆောင်ခဲ့ရချိန်ကစပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေနဲ့ ငြိမ်းချမ်းရေးအတွက် ကြေညာချက်ကို ထုတ်ပြန်ခဲ့ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များရဲ့ ခေါင်းဆောင်များကို နိုင်ငံခေါင်းဆောင်နဲ့ တိုက်ရိုက်တွေ့ဆုံ ဆွေးနွေးနိုင်ရေးထုတ်ပြန်ခဲ့ပါတယ်။ NCA လက်မှတ်ရေးထိုးထားတဲ့အဖွဲ့ ခုနှစ်ဖွဲ့၊ NCA လက်မှတ်မရေးထိုးသေးတဲ့အဖွဲ့ သုံးဖွဲ့ စုစုပေါင်း ၁၀ ဖွဲ့တို့က ခေါင်းဆောင်များနဲ့ ၂၀၂၂ ခုနှစ် မေလမှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း သုံးကြိမ်တိုင်တိုင် ဆွေးနွေးနိုင်ခဲ့ပါတယ်။ အဲဒီလို ဆွေးနွေးရာမှာ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုစနစ်တည်ဆောက်ရေး၊ ငြိမ်းချမ်းရေးနဲ့ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို သဘောတူ လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအနေနဲ့လည်း NCA လက်မှတ်ရေးထိုးထားတဲ့ EAO များနဲ့ ၅၆ ကြိမ်၊ NCA လက်မှတ်ရေးထိုးထားခြင်းမရှိသေးတဲ့ EAO များနဲ့ ၂၄ ကြိမ်၊ နိုင်ငံရေးပါတီများနဲ့ ၁၅ ကြိမ်၊ ဘာသာရေးခေါင်းဆောင်များ၊ ငြိမ်းချမ်းရေးအကျိုးဆောင်များ၊ Stakeholder များနဲ့ သုံးကြိမ် စုစုပေါင်း ၉၈ ကြိမ် ဆွေးနွေးနိုင်ခဲ့ပါတယ်။ လက်ရှိဖြစ်ပွားနေတဲ့ အကြမ်းဖက်လက်နက်ကိုင် ပဋိပက္ခများကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ လူသားအရင်းအမြစ်တွေ၊ ပြည်သူ့ပိုင် အခြေခံအဆောက်အအုံတွေ၊ ပြည်သူ့အသက်အိုးအိမ်စည်းစိမ်တွေ များစွာဆုံးရှုံးခဲ့ရပါတယ်။

ဒုတိယ ကျွန်တော်ကို ဆန့်ကျင်တိုက်ခိုက်နေတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အစည်းများ၊ အကြမ်းဖက် PDF အဖွဲ့များအနေနဲ့ လက်နက်ကိုင် အကြမ်းဖက်တိုက်ခိုက်တဲ့လမ်းစဉ်ကို စွန့်လွှတ်ပြီး ဒီမိုကရေစီလမ်းစဉ်၊ ဒီမိုကရေစီကျင့်စဉ်နဲ့ ကိုက်ညီတဲ့ ပါတီနိုင်ငံရေးလမ်းကြောင်း၊ ရွေးကောက်ပွဲလမ်းကြောင်းတို့ကနေ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ဖြေရှင်းနိုင်ရေး ဆက်သွယ်ဆောင်ရွက်ကြဖို့ ကမ်းလှမ်းဖိတ်ခေါ်ရခြင်းပဲ ဖြစ်ပါတယ်။ ပြည်သူလူထုအပေါ်မှာ စစ်မှန်တဲ့စေတနာ၁ရှိရင် ပြည်သူကိုမျက်နှာမူ၊ ငြိမ်းချမ်းရေးကို ရှေးရှုကြပါ။ ပြည်သူ့ဆန္ဒ အလေးထား၊ အကြမ်းဖက်လုပ်ငန်းစဉ်များကို ရှောင်ရှားကြပါ။ ပြည်သူ့အရေးအလေးပေး၊ ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးကြပါလို့ ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ။

ရေဘေးသင့်ပြည်သူများထံသို့ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများ ထောက်ပံ့လှူဒါန်း

မန္တလေး စက်တင်ဘာ ၂၇

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ် ရေဘေးသင့်ပြည်သူများထံသို့ မဟာအောင်မြေမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဘောလုံးအသင်းသား၊ အသင်းသူများမှ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများကို စက်တင်ဘာ ၂၅ရက် ကိုက သွားရောက်ထောက်ပံ့လှူဒါန်းသည်။

အဆိုပါ လှူဒါန်းမှုတွင် မဟာအောင်မြေမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဘောလုံးအသင်းသား၊ အသင်းသူများက ရေဘေးသင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ခေါက်ဆွဲခြောက်ဘူး၊ တစ်ရွှီးထုပ်၊ မုန့်၊ ရေသန့်၊ ဓာတ်ဆား၊ ဆပ်ပြာ ဆီဘူး၊ ဖယောင်းတိုင်၊ မီးခြစ်၊ ခြင်ဆေးခွေဘူး၊ ဖိနပ်၊ ခေါင်းအုံး၊ စောင်တို့အား လှူဒါန်းထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ကဆ)

မြင့်မြတ်သူစေတနာသွေးလှူအသင်းက နာမကျန်းလူနာများအတွက် ဓိဝိတဒါန သွေးလှူဒါန်း

ညောင်ဦး စက်တင်ဘာ ၂၇

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့၊ မြင့်မြတ်သူစေတနာသွေးလှူရှင်အသင်းက ညောင်ဦးခရိုင်၊ ပြည်သူ့ဆေးရုံကြီးသို့ လာရောက်ဆေးဝါးကုသမှုခံယူကြသည့် နာမကျန်း လူနာများအတွက် အရေးပေါ် သွေးလိုအပ်လာပါက အဆင်ပြေစွာ ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန်အတွက် ယမန်နေ့က ပရဟိတ သွေးလှူရှင်အသင်းဝင်များ စုပေါင်းပြီး ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကာ ဓိဝိတဒါနသွေးလှူဒါန်းပေးခဲ့သည်။

ထိုသို့ နာမကျန်းလူနာများ အတွက် ဓိဝိတဒါနအဖြစ် သွေးလှူဒါန်းပေးရာတွင် ညောင်ဦးမြို့၊ မြင့်မြတ်သူစေတနာ သွေးလှူရှင်အသင်းဥက္ကဋ္ဌ ဦးကျော်သန်း၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ပရဟိတ သွေးလှူရှင်အသင်းသားများက ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ပြီး အရေးပေါ် သွေးလိုအပ်လာသော လူနာများအတွက် အဆင်ပြေစွာ ကျန်းမာရေးပြုစုစောင့်ရှောက်မှု ပေးနိုင်ရန်အတွက် အသွေးငါးလုံး၊ ဘီသွေး ၆ လုံး၊ အိုသွေး ၅ လုံး၊ စုစုပေါင်း သွေးပုလင်း ၁၆ လုံးထောက်ပံ့လှူဒါန်းပေးခဲ့သည်။

ညောင်ဦးမြို့၊ မြင့်မြတ်သူစေတနာသွေးလှူရှင်အသင်းက ညောင်ဦးခရိုင်ပြည်သူ့ဆေးရုံကြီးသို့ လာရောက်ဆေးဝါးကုသမှုခံယူကြသည့် နာမကျန်းလူနာများ အတွက် အရေးပေါ်သွေးလိုအပ်လာပါက အချိန်နဲ့တစ်ပြေးညီ ဆေးဝါးကုသပေးနိုင်ရန် ဓိဝိတဒါနအဖြစ် သွေးလှူရှင်အသင်းဝင်များ စုပေါင်း၍ စဉ်ဆက်မပြတ် လှူဒါန်းပေးလျက်ရှိကြောင်း ညောင်ဦးမြို့၊ မြင့်မြတ်သူစေတနာသွေးလှူရှင်အသင်းဥက္ကဋ္ဌ ဦးကျော်သန်း ထပ်မံသိရသည်။

(ကဆ)

စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၂၇

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့် အတူ စက်တင်ဘာ ၂၃ ရက်ညနေ ၅ နာရီ မိနစ် ၅၀ ခန့်က ကလောမြို့နယ်၊ အောင်ပန်းမြို့၊ ရပ်ကွက်(၃)၊ အေးမြင့်သာယာရပ်နေ ကျော်ဟိုက်ဆိုသူ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၄င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀၀ ပြားအား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အလားတူ စက်တင်ဘာ ၂၄ ရက် ၁၀ နာရီက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ကလောမြို့နယ်၊ လွယ်ဟက်ကျေးရွာအနီးတွင် မောင်ဝင်းဆိုသူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၄င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ပြားအား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိခဲ့သည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် စပ်လျဉ်း၍ ကျော်ဟိုက်(၅၁)နှစ်နှင့် မောင်ဝင်း(၄၄)နှစ် ဆိုသူတို့အား အောင်ပန်းနယ်မြေ ရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေစဉ်သတင်းအဖွဲ့)

မုံရွာမြို့ အလုံအထက်တန်းကျောင်း မီးလောင်မှု ဖြစ်ပွား

မုံရွာ စက်တင်ဘာ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(အလုံ)တွင် စက်တင်ဘာ ၂၄ ရက် နံနက် ၅ နာရီက ကျောင်းခန်းမ ရုံးခန်းနှင့် စာသင်ခန်း သုံးခန်း မီးလောင်မှု ဖြစ်ပွားခဲ့သည်။

လျှပ်စစ်ဝါယာရှော့ဖြစ်ရာမှ ကျောင်းခန်းမ၊ ရုံးခန်းနှင့် စာသင်ခန်းသုံးခန်း မီးလောင်မှု ဖြစ်ပွားခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနရုံးနှင့် မုံရွာခရိုင်၊ မုံရွာမြို့နယ် မီးသတ်စခန်းများမှ မီးငြိမ်းသတ်ယာဉ်များ၊ ရေသယံယာဉ်များဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၆ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်ရာသို့ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးအိုးရအဖွဲ့ဝင်များ၊ အရောက်မြောက်တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ မုံရွာခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းအုပ်ဆရာမကြီး၊ဆရာ၊ ဆရာမများနှင့် တွေ့ဆုံရာ တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တိုင်းဒေသကြီး ပညာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က မီးလောင်မှုဖြစ်ပွားမှု အခြေအနေများနှင့် ဆုံးရှုံးမှုအခြေအနေများအား ရှင်းလင်းပြောကြားသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က မီးလောင်ဆုံးရှုံးသွားသည့် ကျောင်းခန်းမရုံးခန်းနှင့် စာသင်ခန်းများ အချိန်မီပြန်လည်တည်ဆောက်ရေး၊ ကျောင်းနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများ၊ စာသင်ခုံများ၊ ပရိဘောဂပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများအား တာဝန်ရှိသူများနှင့် ပူးပေါင်း၍ အမြန်ပြန်လည် ဖြည့်တင်းရေး၊ ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများအတွက် သင်ကြားရေးလုပ်ငန်းများအား ရပ်နားမှုမရှိစေရန် ဆက်လက်သင်ကြားရေးများ ပြောကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၉၄)

ဥပဒေဘောင်တွင်းနေထိုင်ခြင်း၊ ဘေးကင်းရန်ကာလွန်ချမ်းသာ

တောင်ငူတွင် တပ်မတော်က ရေဘေးကူညီကယ်ဆယ်ရေးပစ္စည်းများ ရှေ့ခိုင်းမည်ဟုဆိုကာ ရွာခံလူငယ်များကို ခေါ်ထုတ်ဖမ်းဆီးသွားကြောင်း မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေ

နေပြည်တော် စက်တင်ဘာ ၂၇

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ်(၂၀) ရပ်ကွက် မြို့ကြီးရွာတွင် တပ်မတော်က ရေဘေးကူညီကယ်ဆယ်ရေးပစ္စည်းများ သယ်ရမည်ဟုဆိုကာ ရွာထဲရှိလူငယ်များကို ခေါ်ထုတ်ဖမ်းဆီးသွားကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းအတု သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။

လုပ်ကြံဖန်တီးရေးသား

အဆိုပါသတင်းနှင့်ပတ်သက်၍ ၎င်းဒေသရှိ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အခြေအမြစ်မရှိသော သတင်းအမှားသာ ဖြစ်ကြောင်း၊ ရေဘေးသင့်ပြည်သူများအတွက် တပ်မတော်သားများက ရှေ့ဆုံးက မားမား မတ်မတ်ရပ်ကာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် လက်တွဲပြီး ရေဘေးသင့်ပြည်သူများ အတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ နေ့စဉ်အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အကြမ်းဖက်အားပေး တရားမဝင်ပြည်ဖျက်မီဒီယာများက တပ်မတော်နှင့် ပြည်သူလက်တွဲညီစွာဖြင့် ပြည်သူ့အကျိုး၊ ဒေသအကျိုး ကြိုးပမ်းဆောင်ရွက်နေမှုများ အပေါ် မနာလိုမရှုဆိတ်သဖြင့် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ

လုပ်ကြံဖန်တီးရေးသားထားသော သတင်းအမှားသာဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြော

မန္တလေး စက်တင်ဘာ ၂၇

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ PROFESSOR ကိုယ်ပိုင်အထက်တန်းကျောင်းတွင် စက်တင်ဘာ ၂၆ ရက် နံနက် ၉ နာရီ ၃၀ မိနစ်က အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှုပယောက်ရေး အသင်း(ဗဟို-မန္တလေး)(AEDA - Mdy)တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်အသိပညာပေးဟောပြောပွဲကို ကျင်းပသည်။ ရေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးရွှေမောင်းက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်က ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်အား ပြောကြားပြီး အသင်းတွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦးက မူးယစ်ဆေးဝါးသမိုင်းကြောင်းကိုလည်းကောင်း၊ အသင်းအတွင်းရေးမှူး ဦးမြင့်သန်းက မူးယစ်ဆေးဝါးအမျိုးအစားနှင့် ဆိုးကျိုးအန္တရာယ်အကြောင်းကိုလည်းကောင်း ဟောပြောကြပြီး အသင်းအမှူးဆောင် ဦးဝင်းမင်းလှိုင်၊ ဒေါ်သင်းသင်းဦးတို့က တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများအား မေးခွန်းများမေးမြန်းကြပြီး ဖြေဆိုသူများအား မဟာအောင်မြေခရိုင် ပညာရေးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်ခင်နှင်းဆီနှင့် အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က ဆုလက်ဆောင်များ ချီးမြှင့်ပေးအပ်ကြပြီး ကျောင်းသား၊ ကျောင်းသူများက မူးယစ်ဆေးဝါးမသုံးစွဲရန် သန္ဓိဋ္ဌာန်ရွတ်ဆိုကြကြောင်း သိရသည်။

(၀၇၀)

၀-၀-၀-၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၂၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေပြောင်းနိုင်သောပစ္စည်း၊ မရွှေပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာ အဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Aye Aye Aung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် အရှေ့ပြင် ရပ်ကွက်နေ အေးအေးအောင်အား ညနေ ၄ နာရီ၅၅ မိနစ်တွင်လည်းကောင်း၊ "@User 757310181280" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ပြည်ကြီးတံခွန်မြို့နယ် ငွေတော်ကြည်ကုန်းရပ်ကွက်နေ အောင်မြင့်သူ(ခ) အောင်မြတ်သူအား ည ၈ နာရီ ၄၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတကာ အားကစား သတင်းများ

အင်္ဂလိပ်ပရီးမီးယားလီဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၆) နိုင်ကမ္ဘာ

စက်တင်ဘာ ၂၈ ရက် (စနေနေ့)ည ပွဲစဉ်များ

(၆) နယူးကာဆယ် - မန်စီးတီး (၁)

ညနေ ၆း၀၀နာရီ

နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု

၂၀၂၀-၂၂	နယူးကာဆယ်	၀-၄	မန်စီးတီး	၅-၀	နယူးကာဆယ်
၂၀၂၂-၂၃	"	၃-၃	"	၂-၀	"
၂၀၂၃-၂၄	"	၂-၃	"	၁-၀	"

နှစ်သင်း၏ အိမ်ကွင်း-အဝေးကွင်းရလဒ်

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရကိုး	ပေးကိုး
နယူးကာဆယ်(အိမ်ကွင်း)	၂	၂	-	-	၃	၁
မန်စီးတီး(အဝေးကွင်း)	၂	၂	-	-	၅	၁

အကြိတ်အနယ်ရှိမည့် ပွဲကောင်းတစ်ပွဲဖြစ်ကာ မန်စီးတီးတို့ အဝေးကွင်းပင် ဖြစ်သော်လည်း အနိုင်ရဦးမည့် ပွဲဖြစ်သည်။

နှစ်သင်း၏ နောက်ဆုံး ၅ ပွဲရလဒ်

နယူးကာဆယ်-နိုင်၊သရေ၊နိုင်၊နိုင်၊ရှုံး — မန်စီးတီး-နိုင်၊နိုင်၊နိုင်၊နိုင်၊သရေ

(၄) အာဆင်နယ် - လက်စတာ (၁၅)

ည ၈း၃၀နာရီ

နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု

၂၀၂၀-၂၁	အာဆင်နယ်	၀-၁	လက်စတာ	၁-၃	အာဆင်နယ်
၂၀၂၁-၂၂	"	၂-၀	"	၀-၂	"
၂၀၂၂-၂၃	"	၄-၂	"	၀-၁	"

နှစ်သင်း၏ အိမ်ကွင်း-အဝေးကွင်းရလဒ်

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရကိုး	ပေးကိုး
အာဆင်နယ်(အိမ်ကွင်း)	၂	၁	၁	-	၃	၁
လက်စတာ(အဝေးကွင်း)	၂	-	၁	၁	၃	၄

အာဆင်နယ်တို့ အိမ်ကွင်း၌ အစဉ်အလာအတိုင်း လက်စတာကို ပြတ်သားစွာ အနိုင်ယူပြမည့်ပွဲ ဖြစ်သည်။

နှစ်သင်း၏ နောက်ဆုံး ၅ ပွဲရလဒ်

အာဆင်နယ်-နိုင်၊နိုင်၊သရေ၊နိုင်၊သရေ — လက်စတာ-သရေ၊ပွဲရှုံး၊ပွဲရှုံး၊သရေ၊သရေ

(၅) ချဲလ်ဆီး - ဘရိုက်တန် (၇)

ည ၈း၃၀နာရီ

နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု

၂၀၂၀-၂၁	ချဲလ်ဆီး	၁-၁	ဘရိုက်တန်	၁-၁	ချဲလ်ဆီး
၂၀၂၁-၂၂	"	၁-၂	"	၄-၁	"
၂၀၂၂-၂၄	"	၃-၂	"	၁-၂	"

နှစ်သင်း၏ အိမ်ကွင်း-အဝေးကွင်းရလဒ်

အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရကိုး	ပေးကိုး
ချဲလ်ဆီး(အိမ်ကွင်း)	၂	-	၁	၁	၁	၃
ဘရိုက်တန်(အဝေးကွင်း)	၂	၁	၁	-	၄	၁

အိမ်ကွင်း နိုင်ပွဲမရသေးသည့် ချဲလ်ဆီးတို့ နိုင်ပွဲ စတင်ရရှိမည့် ပွဲဖြစ်သည်။

နှစ်သင်း၏ နောက်ဆုံး ၅ ပွဲရလဒ်

ချဲလ်ဆီး-ပွဲရှုံး၊နိုင်၊သရေ၊နိုင်၊နိုင် — ဘရိုက်တန်-နိုင်၊နိုင်၊သရေ၊သရေ၊သရေ

2024 China Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ Jannik Sinner တက်ရောက်

ပေကျင်း စက်တင်ဘာ ၂၇

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပလျက်ရှိသော အမျိုးသား တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 China Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ အီတလီတင်းနစ်ကစားသမား Jannik Sinner တက်ရောက်ခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ အီတလီတင်းနစ်ကစားသမား Jannik Sinner သည် 2024 China Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် ချီလီတင်းနစ်ကစားသမား Nicolas Jarry အား ၄-၆၊ ၆-၃ ၂၊ ၆-၁ ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့သည်။

2024 China Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် အီတလီတင်းနစ်ကစားသမား Jannik Sinner နှင့် ရုရှားတင်းနစ်ကစားသမား Roman Safiullin တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

(NGB)

ဗစ်တာဘိုနီဖေ့စ်အားခေါ်ယူရန် ချဲလ်ဆီးအသင်း စိတ်ဝင်စား

လန်ဒန် စက်တင်ဘာ ၂၇

ချဲလ်ဆီးအသင်းသည် လေဗာကူဆင်အသင်း တိုက်စစ်မှူး ဗစ်တာဘိုနီဖေ့စ်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၃)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် လေဗာကူဆင်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၄၀ ကစားပြီး ၂၅ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်း ဖြစ်သည်။ **(အောက်ပုံ)**

လေဗာကူဆင်အသင်းကလည်း ဗစ်တာဘိုနီဖေ့စ်အတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၇၀ ရရှိပါက ရောင်းချသွားမည် ဖြစ်သည်။

ထို့ကြောင့် ချဲလ်ဆီးအသင်း အနေဖြင့် လာမည့်ဆောင်းရာသီ ဈေးကွက်အတွင်းတွင် လေဗာကူဆင်အသင်းထံမှ ဗစ်တာဘိုနီဖေ့စ်အား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**

မီယာလန်းပီယာနစ်အား အလွတ်ပြောင်းရွှေ့ကြေးဖြင့် CSKA မော်စကိုအသင်း ခေါ်ယူ

လန်ဒန် စက်တင်ဘာ ၂၇

ရုရှားထိပ်သီးကလပ် CSKA မော်စကိုအသင်းသည် အသင်း ၀၊ရင့်ကွင်းလယ်ကစားသမား မီယာလန်းပီယာနစ်အား ပြောင်းရွှေ့ကြေးအလွတ်ဖြင့် တစ်နှစ်စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် လိုင်ယွန်၊ ရိုးမား၊ ဂျူဗင်တပ်၊ ဘီဆစ်တပ်စ် စသည့် ကလပ်အသင်းများတွင် ကစားခဲ့ဖူးပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် CSKA မော်စကိုအသင်းက ခေါ်ယူခဲ့သည်။

အသက်(၃၄)နှစ်အရွယ်ရှိ မီယာလန်းပီယာနစ်က *ကျန်တော် CSKA မော်စကိုအသင်းသို့ ရောက်ရှိခဲ့ပါပြီ။ ကျန်တော်ကို ဆွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကို လည်း အထူးကျေးဇူးတင်ပါတယ်။CSKA မော်စကိုအသင်း အောင်မြင်တိုးတက်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ*ဟု ပြောသည်။

(အောက်ပုံ)(NGB)

အင်္ဂလိပ် ပရီးမီးယားလီဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၆)ဇယား

နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်/(နောက်ဆုံး ၅ ပွဲရလဒ်)	ယမန်နှစ်ရလဒ်	အိမ်/ဝေးရလဒ်	ပွဲ	နိုင်	သရေ	ရှုံး	ရကိုး	ပေးကိုး
၂၀-၉-၂၀၂၄	(၁၅)အာတန် - ပဲလဃ်(၁၆)	အာတန် ၁-၀ ပဲလဃ်	အာတန်(အိမ်)	၂	-	-	၂	၂	၆
ည ရောဝနာရီ	(L,L,L,L,D) (L,L,D,D,D)	ပဲလဃ် ၂-၃ အာတန်	ပဲလဃ်(ဝေး)	၂	-	၁	၁	၂	၃
"	(၁၂)ဘရန်ဖို့ - တက်စ်ဟမ်(၁၄)	ဘရန်ဖို့ ၃-၂ တက်စ်ဟမ်	ဘရန်ဖို့(အိမ်)	၂	၂	-	-	၅	၂
	(W,L,W,L,L) (L,W,L,D,L)	တက်စ်ဟမ် ၄-၂ ဘရန်ဖို့	တက်စ်ဟမ်(ဝေး)	၂	၁	၁	-	၃	၁

ပြင်သစ်လီဂ်ူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၆)ဇယား

နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်/(နောက်ဆုံး ၅ ပွဲရလဒ်)	ယမန်နှစ်ရလဒ်	အိမ်/ဝေးရလဒ်	ပွဲ	နိုင်	သရေ	ရှုံး	ရကိုး	ပေးကိုး
၂၀-၉-၂၀၂၄	(၄)လန်စ် - နီစ်(၇)	လန်စ် ၁-၃ နီစ်	လန်စ်(အိမ်)	၂	၁	၁	-	၂	-
ည ၉း၃၀နာရီ	(W,W,D,D,D) (L,D,W,L,W)	နီစ် ၂-၀ လန်စ်	နီစ်(ဝေး)	၃	၁	-	၂	၅	၅
၂၀-၉-၂၀၂၄	(၁၂)လီယာတာ - လိုင်လီ(၉)	လီယာတာ ၀-၂ လိုင်လီ	လီယာတာ(အိမ်)	၂	၁	-	၁	၄	၅
ည ၁၁း၃၀နာရီ	(L,W,W,L,L) (W,W,L,L,D)	လိုင်လီ ၃-၀ လီယာတာ	လိုင်လီ(ဝေး)	၂	၁	-	၁	၂	၁
၂၉-၉-၂၀၂၄	(၃)ပိုနာကို - ဝေးစ်ဝယ်လီယာ(၁၅)	ပိုနာကို ၂-၀ ဝေးစ်ဝယ်လီယာ	ပိုနာကို(အိမ်)	၃	၂	၁	-	၅	၂
နံနက်၁၀း၃၀နာရီ	(W,W,D,W,W) (D,L,L,L,W)	ဝေးစ်ဝယ်လီယာ ၀-၂ ပိုနာကို	ဝေးစ်ဝယ်လီယာ(ဝေး)	၂	-	-	၂	-	၉

အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၆)ဇယား

နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်/(နောက်ဆုံး ၅ ပွဲရလဒ်)	ယမန်နှစ်ရလဒ်	အိမ်/ဝေးရလဒ်	ပွဲ	နိုင်	သရေ	ရှုံး	ရကိုး	ပေးကိုး
၂၀-၉-၂၀၂၄	(၃)အူဒီနီစ် - အင်တာမီလန်(၆)	အူဒီနီစ် ၁-၂ အင်တာမီလန်	အူဒီနီစ်(အိမ်)	၂	၂	-	-	၃	၁
ညနေ၃၀နာရီ	(D,W,W,W,L) (D,W,W,D,L)	အင်တာမီလန် ၄-၀ အူဒီနီစ်	အင်တာမီလန်(ဝေး)	၂	-	၂	-	၃	၃
၂၀-၉-၂၀၂၄	(၁၆)ဗီရိုဇာ - ဂျူဗင်တပ်(၄)	ဗီရိုဇာ ၁-၁ ဂျူဗင်တပ်	ဗီရိုဇာ(အိမ်)	၃	-	၂	၁	၃	၅
ည၁၀း၃၀နာရီ	(D,W,L,D,L) (W,W,D,D,D)	ဂျူဗင်တပ် ၀-၀ ဗီရိုဇာ	ဂျူဗင်တပ်(ဝေး)	၂	၁	၁	-	၃	-
၂၉-၉-၂၀၂၄	(၃၆)ဘိုလိုညာ-အတ္တလန္တာ(၁၂)	ဘိုလိုညာ ၁-၀ အတ္တလန္တာ	ဘိုလိုညာ(အိမ်)	၂	-	၂	-	၂	၂
နံနက် ၀၁း၁၅နာရီ	(D,L,D,D,W) (W,L,L,W,L)	အတ္တလန္တာ ၁-၂ ဘိုလိုညာ	အတ္တလန္တာ(ဝေး)	၃	၁	-	၂	၅	၆

ဂျာမန် ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၅)ဇယား

နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်/(ပွဲစဉ် ၁၊ ၂၊ ၃၊ ၄ ပွဲရလဒ်)	ယမန်နှစ်ရလဒ်		အိမ်/ဝေးရလဒ်	ပွဲ	နိုင်	သရေ	ရှုံး	ရကိုး	ပေးကိုး
၂၀-၉-၂၀၂၄	(၅)လိုက်ပဇစ် - အောင်တာတ်(၁၂)	လိုက်ပဇစ် ၃-၀ အောင်တာတ်		လိုက်ပဇစ်(အိမ်)	၂	၁	၁	-	၁	-
ည ၈း၃၀နာရီ	(W,W,D,D) (D,L,W,L)	အောင်တာတ် ၂-၂ လိုက်ပဇစ်		အောင်တာတ်(ဝေး)	၁	-	-	၁	-	၄
"	(၃)လိုင်းဘက် - ဒိန်ယမ်းလီ(၁၅)	လိုင်းဘက် ၄-၃ ဒိန်ယမ်းလီ	ဘုန်းကြီး	လိုင်းဘက်(အိမ်)	၂	၂	-	-	၅	၂
	(W,L,W,W) (L,L,L,D)	ဒိန်ယမ်းလီ ၁-၀ လိုင်းဘက်		ဒိန်ယမ်းလီ(ဝေး)	၂	-	-	၂	၁	၄
"	(၃၃)ဝိုလ်ဖတ် - ဗတ္တတ်(၇)	ဝိုလ်ဖတ် ၂-၃ ဗတ္တတ်		ဝိုလ်ဖတ်(အိမ်)	၂	-	-	၂	၃	၅
	(L,W,L,L,L) (L,D,W,W)	ဗတ္တတ် ၃-၀ ဝိုလ်ဖတ်		ဗတ္တတ်(ဝေး)	၂	၁	-	၁	၄	၄
"	(၃၄)ဝီဇာ - ဟိုင်းဒင်ဟိမ်း(၉)	ဝီဇာ ၀-၁ ဟိုင်းဒင်ဟိမ်း		ဝီဇာ(အိမ်)	၂	-	၁	၁	၂	၃
	(D,D,L,W) (W,W,L,L)	ဟိုင်းဒင်ဟိမ်း ၁-၀ ဝီဇာ		ဟိုင်းဒင်ဟိမ်း(ဝေး)	၂	၁	-	၁	၄	၄
"	(၃၄)လေဗာတက် - ယူနီယံဘာလင်(၆)	လေဗာတက် ၀-၀ ယူနီယံဘာလင်		လေဗာတက်(အိမ်)	၂	-	-	၂	၃	၆
	(L,W,L,L,L) (D,W,D,W)	ယူနီယံဘာလင် ၃-၀ လေဗာတက်		ယူနီယံဘာလင်(ဝေး)	၂	-	၂	-	၁	၁
၂၀-၉-၂၀၂၄	(၁)ဘိုင်ယန်ပြဲဗူးနစ် - လေဗာကူဆင်(၂)	ဘိုင်ယန်ပြဲဗူးနစ် ၂-၂ လေဗာကူဆင်		ဘိုင်ယန်ပြဲဗူးနစ်(အိမ်)	၁	၁	-	-	၂	-
ည ၁၁း၃၀နာရီ	(W,W,W,W) (W,L,W,W)	လေဗာကူဆင် ၃-၀ ဘိုင်ယန်ပြဲဗူးနစ်		လေဗာကူဆင်(ဝေး)	၂	၂	-	-	၇	၃

စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၇)ဇယား

နိုင်ကမ္ဘာ

ရက်/အချိန်	ပွဲစဉ်/(နောက်ဆုံး ၅ ပွဲရလဒ်)	ယမန်နှစ်ရလဒ်		အိမ်/ဝေးရလဒ်	ပွဲ	နိုင်	သရေ	ရှုံး	ရကိုး	ပေးကိုး
၂၀-၉-၂၀၂၄	(၁၅)ဝီတာဇေး - အလာဗက်(၀)	ဝီတာဇေး ၁-၀ အလာဗက်		ဝီတာဇေး(အိမ်)	၃	-	၃	-	၁	၁
ည ၆း၃၀နာရီ	(D,L,L,D,L) (W,W,L,W,L)	အလာဗက် ၁-၀ ဝီတာဇေး		အလာဗက်(ဝေး)	၄	၁	-	၃	၇	၉
၂၀-၉-၂၀၂၄	(၉)ဗယ်လင်ကားနီ - လီဂါနက်စ်(၁၆)	ဗယ်လင်ကားနီ ၃-၀ လီဂါနက်စ်	ဗုဒ္ဓဟူး	ဗယ်လင်ကားနီ(အိမ်)	၃	၁	၁	၁	၅	၄
ည ၈း၃၀နာရီ	(L,L,W,D,D) (D,L,L,L,D)	လီဂါနက်စ် ၁-၂ ဗယ်လင်ကားနီ		လီဂါနက်စ်(ဝေး)	၄	-	၃	၁	၂	၄
၂၀-၉-၂၀၂၄	(၁၆)ဆိုစီတက် - ဝလင်စီယာ(၁၇)	ဆိုစီတက် ၁-၀ ဝလင်စီယာ		ဆိုစီတက်(အိမ်)	၃	-	-	၃	၂	၆
ည၁၀း၃၀နာရီ	(L,D,L,L,D) (L,D,L,W,D)	ဝလင်စီယာ ၀-၁ ဆိုစီတက်		ဝလင်စီယာ(ဝေး)	၃	-	-	၃	၁	၇
၂၉-၉-၂၀၂၄	(၇)အိုဆာဆူနာ - ဘာစီလိုနာ(၁)	အိုဆာဆူနာ ၁-၂ ဘာစီလိုနာ		အိုဆာဆူနာ(အိမ်)	၄	၃	၁	-	၇	၄
နံနက် ၀၁း၃၀နာရီ	(L,W,L,W,D) (W,W,W,W,W)	ဘာစီလိုနာ ၁-၀ အိုဆာဆူနာ		ဘာစီလိုနာ(ဝေး)	၄	၄	-	-	၁၃	၄

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးတိုင်းဒေသကြီး စက်မှုဇုန်များဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

မန္တလေး၊ စက်တင်ဘာ ၂၇

မန္တလေးတိုင်းဒေသကြီး စက်မှုဇုန်များဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး စက်မှုဇုန်များဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီနာယက၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ကော်မတီအဖွဲ့ဝင်များ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

လုပ်ငန်းအစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်က စက်မှုဇုန်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှအလေးထားဆောင်ရွက်နေပါကြောင်း၊ စက်မှုဇုန်များနှင့်ပတ်သက်၍ အတည်ပြုပြဋ္ဌာန်းပြီး စက်မှုဇုန် ဥပဒေ၊ နည်းဥပဒေနှင့်အညီ ဗဟိုကော်မတီ၊ ဒေသဆိုင်ရာ ကော်မတီ၊ စီမံခန့်ခွဲရေးကော်မတီများ ဖွဲ့စည်းထားပေးပြီး ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များ၏ အရွယ်အစား၊ အမျိုးအစား၊ အဆင့်အတန်းများ၊ မြေအသုံးပြုအခြေအနေများနှင့် စပ်လျဉ်း၍ စာရင်းကောက်ယူနိုင်ရန် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များကိုလည်း ဖွဲ့စည်းတာဝန်ပေးပြီး ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ အကြီးစား၊ အလတ်စား၊ အငယ်စားမှတ်ပုံတင် စက်မှုလုပ်ငန်းများအနေဖြင့် မန္တလေးစက်မှုဇုန်တွင် ၈၄၇ ခု၊ မိတ္ထီလာ စက်မှုဇုန်တွင် ၂၁၁ ခု၊ မြင်းခြံစက်မှုဇုန်တွင် ၂၁၀ ခုနှင့် မြို့သာ စက်မှုဥယျာဉ်မြို့တော်စီမံကိန်းတွင် အကြီးစား ၁၀ ခုရှိပါကြောင်း၊ စက်မှုဇုန်လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်၏ မူဝါဒများနှင့် လမ်းညွှန်ချက်များကို အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်က လျှပ်စစ်ဓာတ်အားများနှင့်ပတ်သက်၍ နည်းမျိုးစုံကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ စက်မှုဇုန်များမှ လုပ်ငန်းရှင်များအနေဖြင့် လျှပ်စစ်ဓာတ်အားအခက်အခဲမရှိစေရေး ဆိုလာပါဝါလျှပ်စစ်ဓာတ်အားထုတ်လုပ်သုံးစွဲသွားနိုင်ရေး ကြိုးစားဆောင်ရွက်သွားစေလိုပါကြောင်း၊ စက်မှုဇုန်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုဇုန်အင်္ဂါရပ်များနှင့် အညီဖြစ်စေအားလုံးက ပိုင်းဝန်းပူးပေါင်းကာ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၄င်းနောက် တိုင်းဒေသကြီးစက်မှုဇုန်များဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးက တည်ထောင်ပြီး စက်မှုဇုန်များတွင် မြေကွက်ရယူထားပြီး စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ငန်းလုပ်ကိုင်ခြင်း ရှိ၊ မရှိ စိစစ်ခြင်းများ လုပ်ဆောင်ရန်၊ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန်အလိုက် ရန်ပုံငွေရှာဖွေရေး ကော်မတီများဖွဲ့စည်းသွားရေးနှင့် စနစ်တကျ စိစစ်သုံးစွဲသွားရေးတို့ကို ဆွေးနွေးပြောကြားပြီးနောက် တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက မန္တလေးတိုင်းဒေသကြီး စက်မှုဇုန်များဖော်ဆောင်ရေးနှင့် ကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ထားရှိမှု၊ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တံတားဦးခရိုင်၊ မိတ္ထီလာခရိုင်၊ မြင်းခြံခရိုင်တို့မှ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက စက်မှုဇုန်အတွင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ မန္တလေးမြို့သာ စက်မှုဥယျာဉ်မြို့တော်စီမံကိန်းဥက္ကဋ္ဌက စီမံကိန်းတွင် ပဲမျိုးစုံနှင့် စိုက်ပျိုးရေးသီးနှံများရောင်းဝယ်ရေး International Trading Center ကြီးတစ်ခု အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ စီမံကိန်းဧရိယာအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများ လျှပ်စစ်ဓာတ်အား ပုံမှန်ပေးရရှိရေးအတွက် Solar Power လျှပ်စစ်ဓာတ်အားအကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် စီမံကိန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနညွှန်ကြားရေးမှူးက ရတနာပုံမြို့သစ်တည်ဆောက်ရေးစီမံကိန်းနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးတင်ပြချက်များ၊ တက်ရောက်လာကြသူများ၏ တင်ပြချက်များနှင့် အကြံပြုဆွေးနွေးချက်အပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဆင်းပွဲနှင့် လုပ်ငန်းသုံးပစ္စည်းများပေးအပ်

ရမည်းသင်း၊ စက်တင်ဘာ ၂၇

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ရမည်းသင်းခရိုင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းအား အကောင်အထည်ဖော်ရန် အသေးစားအငယ်စားစီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရေး ဆောင်ရွက်မည့် လုပ်ငန်းအတွက် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲနှင့် ထူးချွန်သင်တန်းသား ၈၁ဦးအား လမ်းညွှန်ချက်များနှင့်အညီ ရွေးချယ်ပြီး လုပ်ငန်းထူထောင်နိုင်ရန် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ရမည်းသင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(အစည်းအဝေးခန်းမ)၌ ယနေ့နေ့ခင်းပိုင်းက ပြုလုပ်ခဲ့သည်။ အခမ်းအနားတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းတိုးက အဖွင့်အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်းမှာ ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရန်နှင့် တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းများထူထောင်နိုင်ပြီး မိသားစုဝင်ငွေတိုးပွားကာ ကျေးရွာများဖွံ့ဖြိုးလာစေရန် ရည်ရွယ်ပြီး သင်တန်းဆင်းများ လုပ်ငန်းစတင်ထူထောင်နိုင်ရန်အတွက် ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ညွှန်ကြားရေးမှူးချုပ်က ထူးချွန်သင်တန်းသား ၈၁ဦးအား ငွေကျပ် ၁၄ သိန်းတန်ဖိုးရှိ လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပြီးနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌမှ ထူးချွန်သင်တန်းသား၊ သင်တန်းသူ ၈၁ဦးအား ထူးချွန်ဆုများပေးအပ်ကာ မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးဝင်းဗိုလ်က သင်တန်းသား ၁၅ ဦး ကိုယ်စား သင်တန်းသား၊ သင်တန်းသူ သုံးဦးအား သင်တန်းဆင်းလက် မှတ်များ ပေးအပ်၍ ညွှန်ကြား ရေးမှူးချုပ်နှင့် တက်ရောက်လာကြသော ဌာနဆိုင်ရာများမှ လုပ်ငန်းသုံးပစ္စည်းများနှင့် သင်တန်းမှ ထွက်ရှိသော ကုန်ချောပစ္စည်းများအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၁၀)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း ၂၂ လမ်းမှ ၂၆ လမ်းအထိ ၈၂ လမ်းမကြီးဘေးဝဲယာတစ်လျှောက် သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် ရေနတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး စုပေါင်းဆောင်ရွက်နေမှုများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

မန္တလေး စက်တင်ဘာ ၂၇

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် တာဝန်ရှိသူများ လိုက်ပါကာ ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်အတွင်း ၂၂လမ်းမှ ၂၆လမ်းအထိ ၈၂လမ်းမကြီးဘေးဝဲယာတစ်လျှောက် သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် ရေနတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးတို့အတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သန့်ရှင်းရေးဌာန၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၊ လမ်းတံတားဌာန ဝန်ထမ်းများ ပါဝင်စုပေါင်းလုပ်ကိုင်နေသည့် သန့်ရှင်းသာယာလှပရေးစုပေါင်းဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့် အဖွဲ့သည် အောင်မြေသာစံမြို့နယ်၊ ၈၂လမ်း၊ ၂၂လမ်းနှင့် ၂၃လမ်းကြားတွင် အမြင့်တင်ကရိန်းကား၊ သစ်ပင်ဖြတ်စက်အသုံးပြု၍ ဘေးဝဲယာ အပင်မြင့်ကြီးများ၏ လမ်းပေါ်သို့ မိုးကျနေသည့် သစ်ကိုင်းများအား အလင်းဖွင့်ရှင်းလင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုကာ မြို့တော်ဝန်က အပင်များ၏အောက်ခြေမြေပြင်မှ အမြင့် ၁၀ ပေခန့် တစ်ညီတည်းဖြစ်နေစေရန် အကိုင်းအခက်များကိုပါ ရှင်းလင်းပေးရန်နှင့် လုံးဝန်းညီညာနေအောင် ဆောင်ရွက်ပေးရန် ဖြည့်စွက်မှာကြားခဲ့သည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ၂၃လမ်းနှင့် ၂၄လမ်းကြား၊ ၈၂လမ်း၊ ရွှေကိုးမြင်ဘုရားအရှေ့ဘက်မုခ်မျက်နှာစာတစ်လျှောက် ရေနတ်မြောင်းများ ရေစီးဆင်းမှု ရှိ၊ မရှိ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အုတ်မြောင်းတစ်လျှောက် မြောင်းဖုံးများအား မသမာသူများက ဖျက်ဆီး၍ အဆိုပါ မြောင်းဖုံးအတွင်းမှ သံချောင်းများ ခိုးယူခံရခြင်း မကြာခဏဖြစ်ပေါ်နေမှု၊ မြောင်းဖုံးမရှိသည့်အတွက် မြောင်းများအတွင်း ရပ်ကွက်နေပြည်သူများ စည်းကမ်းမဲ့အမှိုက်များ လာရောက် စွန့်ပစ်မှုအခြေအနေ၊ လမ်းမီးတိုင်များ၏ အောက်ခြေ တစ်လျှောက် မြေမြှုပ်ထားသည့် ဓာတ်ကြိုးများ၊ ဓာတ်တိုင်အတွင်းမှ ဘရေကာများအား ဖြတ်တောက်ခိုးယူခံရမှုအခြေအနေများကို ဆွေးနွေးတင်ပြကြရာ မြို့တော်ဝန်က အဆိုပါကိစ္စရပ်များအတွက် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးနှင့် လမ်းတံတားဌာန၊ အဆောက်အအုံနှင့် ကုန်ရုံဌာန၊ သန့်ရှင်းရေးဌာနတို့မှ တာဝန်ရှိသူများအား အမြန်ဆုံး ပြန်လည်ပြုပြင်ဆောင်ရွက်ပေးရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် မြို့တော်ဝန်သည် ရေနုတ်မြောင်းများအား Level အနိမ့်၊အမြင့် စနစ်တကျကွင်းဆင်းတိုင်းတာပုံစံထုတ်၍ ပြန်လည်ပြုပြင်ပေးရန် မှာကြားပြီး နောက် ၂၆လမ်းအထိ ၈၂လမ်းဘေးဝဲယာ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် ကမ်းနားလမ်းမကြီး ၂၂လမ်းမှ ၂၆လမ်းအတွင်း မရမ်ခြံဆိပ် ဧရာဝတီရှုခင်းသာရင်ပြင် (Irrawaddy View Point) သို့ရောက်ရှိလာရာ တာဝန်ခံအင်ဂျင်နီယာက ရင်ပြင်အကျယ် ပေ ၁၀၀ × အရှည်ပေ ၈၈၀ အား လက်ရန်းများ တပ်ဆင်ခြင်း၊ ဆိုလာမီးတိုင်များ တပ်ဆင်ခြင်း၊ ဧရာဝတီရှုခင်းသာ (Irrawaddy View Point) စာလုံးများပုံဖော်၍ ကြွေပြားကပ်ဆိုင်းဘုတ်ဆောင်ရွက်ပြီးစီးခြင်း၊ ပန်းအိုးအလှများ စနစ်တကျနေရာချထားမှုနှင့် ရင်ပြင်ပတ်လည်ဆေးသုတ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ရင်ပြင်အဝင်၊အထွက်ပေါက်နေရာများ၌ သံတံခါးများ တပ်ဆင်ပြီးစီးမှုနှင့် လုံခြုံရေးအစောင့်ဂိတ်တဲများ ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က ရင်ပြင်ဧရိယာ တောင်ဘက်ခြမ်း ပေ ၄၅၀ နှင့် မြောက်ဘက်ခြမ်း ပေ ၅၅၀ ကျန်ရှိနေရာများအား သဲဖို့ပြီး ကျောက်ပျက်ခင်းကာ ကားရပ်နားရန်နေရာ (Car Parking) ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်း၊ ပေ ၃၀ အကျယ် လမ်းဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာများအား စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် မြို့တော်ဝန်နှင့် အဖွဲ့သည် အရှေ့မြို့ပတ်လမ်းမကြီးတစ်လျှောက် ၃၅လမ်းမှ ပန်းရံတော်ချောင်းတံတားထိပ် အထိ လမ်းဘေးဝဲယာ ချုံနွယ်ပေါင်းမြက်များအား မြက်ဖြတ်စက်များနှင့် လူအင်အားအသုံးပြုကာ ရှင်းလင်းခြင်းလုပ်ငန်းများ၊ အရှေ့မြို့ပတ်လမ်းမကြီးဘေးဝဲယာ လမ်းပခုံးသား မြေကြီးများအား စက်ယန္တရားအသုံးပြု၍ လမ်းချဲ့ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ အပင်မြင့်ကြီးများ၏ လမ်းပေါ်မိုးကျနေသည့် သစ်ပင်၊ သစ်ကိုင်းများအား ကိုင်းတို၊ ကိုင်းညှို၍ အလင်းဖွင့်ရှင်းလင်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှုတို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့တော်ဝန်က မြို့ပတ်လမ်းမကြီး တစ်လျှောက် ရေနုတ်မြောင်းများ ကိုလည်း ရေစီးရေလာကောင်းမွန်အောင် ဆယ်ယူရှင်းလင်းပေးရန်နှင့် ရေမြောင်း အနိမ့်၊ အမြင့် (Level) များ စနစ်တကျဖြစ်အောင် ပြုပြင်ဆောင်ရွက်ပေးရန် တို့ကို မှာကြားခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

မန္တလေးမြို့တော်စည်ပင်စွမ်းအား လမ်းတံတားဌာနလုပ်ငန်းများ

မြို့တော်သန့်ရှင်းသာယာလှပပြီး မြို့နေလူထုစိတ်ချမ်းသာရမည်ဆိုသော ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာ၌ ဌာနပေါင်း ၁၄ ခုဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ထိုဌာနများအနက် မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသောလုပ်ငန်းများစွာကို လမ်းတံတားဌာနသည် အခန်းကဏ္ဍတစ်ခုမှ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ယာဉ်ကြောကျပ်တည်းမှုလျှော့ချရေးနှင့် ယာဉ်အန္တရာယ်ကာကွယ်ရေး မြို့နေလူထုယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး ကောင်စီ(National Road Safety Council)၏ Guide Line များဖြင့် လမ်းတံတားဌာနက ဆောင်ရွက်လျက်ရှိသည်။ လမ်းများပေါ်တွင် Thermoplastic ဖြင့် ယာဉ်ကြောခွဲမျဉ်းများ၊ ယာဉ်ကြောခွဲအမှတ်အသားများ၊ Edge မျဉ်းများ၊ ဈေး၊ ကျောင်း၊ ဆေးရုံ၊ မီးပွိုင့်များနှင့် လိုအပ်သည့်နေရာများတွင် လူကူးမျဉ်းဝါကျားများရေးဆွဲခြင်း၊ ဆိုင်ကယ်စီးသွားလာသူများပြားသဖြင့် အဓိကလမ်းများတွင် မော်တော်ဆိုင်ကယ် လမ်းယာဉ်ကြော (Cycle Lane Symbol)များ သတ်မှတ်ရေးဆွဲခြင်းတို့အပြင် ပြည်တွင်း၊ ပြည်ပဧည့်သည်များ မြို့တော်သို့ရောက်ရှိစဉ် လိုရာသို့ အလွယ်တကူသွားလာနိုင်ရန် လမ်းညွှန်ဆိုင်းဘုတ် (Finger Post)များ ဆောင်ရွက်ထားရှိသည်။

၂၁-၉-၂၀၂၄ စာမျက်နှာ ၁၄ မှ အဆက်

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာပြီး ယာဉ်ကြောကျပ်တည်းမှုလျှော့ချရန် စနစ်တကျ ယာဉ်ရပ်နားမှုအတွက် ယာဉ်မရပ်ရ ဖြူ၊ နီကျားမျဉ်းများ သတ်မှတ်ရေးဆွဲခြင်း၊ Down Town ဧရိယာတွင် Road Side Car Packing များ သတ်မှတ်ရေးဆွဲခြင်း၊ လမ်းလယ်ယာဉ်ကြောခွဲ Guard Rail များတပ်ဆင်ခြင်း၊ ယာဉ်အန္တရာယ် သတိပေးလမ်းညွှန်၊ အမိန့်ပေးလမ်းညွှန်၊ သတင်းအချက်အလက်လမ်းညွှန်များ စိုက်ထူခြင်းတို့ ဆောင်ရွက်ထားရှိသည်။ ယာဉ်ကြောကျပ်တည်းမှုကင်းပြီး လိုရာသို့ အချိန်ကြန့်ကြာမှုမရှိဘဲ သွားလာနိုင်ရန် Down Town ဧရိယာတွင် ယခင်က တစ်လမ်းမောင်း သတ်မှတ်ခဲ့သည့် ၃၆ လမ်း(၇၈လမ်းနှင့်လမ်း၈၀)ကြား၊ ၃၇လမ်း(၇၈လမ်းနှင့်လမ်း၈၀)ကြား၊ ၃၉လမ်း(လမ်း၇၀နှင့်၇၈လမ်း)၊ လမ်း၄၀(လမ်း၇၀နှင့်၇၈လမ်း)တို့တွင် နှစ်လမ်းမောင်း ပြင်ဆင်သတ်မှတ်ခဲ့ပါသည်။

Right of Way မြေအသုံးပြုခကောက်ခံခြင်း

မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဆက်သွယ်ရေးကွန်ရက်အတွက် အထောက်အကူပြု ပစ္စည်းများ စနစ်တကျသွယ်တန်းချိတ်ဆက်ရန် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့နှင့် ပေါင်းစပ်ညှိနှိုင်း၍ လမ်းတံတားဌာနက ဆောင်ရွက်ရပါသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်သွယ်ရေး လိုင်စင်ရကုမ္ဏီများ၏ ဆက်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းနှင့်ပတ်သက်၍ Right of Way ဆိုင်ရာ သဘောတူညီမှု စာချုပ်ချုပ်ဆိုပြီး ဆက်သွယ်ရေးကွန်ရက် အထောက်အကူပြုပစ္စည်းများထားရှိခြင်းအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏သတ်မှတ်နှုန်းထားဖြင့် မြေအသုံး ပြုခကောက်ခံပေးလျက်ရှိသည်။ စည်ပင်သာယာနယ်နိမိတ်အတွင်း Right of Way သဘောတူစာချုပ်ပါ လုပ်ငန်းဆောင်ရွက်နေသော ကုမ္ဏီပေါင်း ၂၀ ရှိသည်။ မြို့နေလူထုအတွက် အရည်အသွေးမြင့်ဆက်သွယ်ရေးဝန်ဆောင်မှုကောင်းများ ပေးနိုင်ခြင်းဖြင့် မြို့တော်၏ စီးပွားရေး၊ ပညာရေး၊ လူမှုရေး ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။

မြေအသုံးပြုခနှုန်းထားများမှာ ဖိုက်ဘာကေဘယ်လ်သွယ်တန်းမှုတွင် တစ်ကီလိုမီတာလျှင် ငွေကျပ် ၁၀၀၀၀၀ ၊ ၀ ဒသမ ၅ ကီလိုမီတာ အထက်ဖြစ်လျှင် တစ်ကီလိုမီတာနှုန်းအတိုင်းဖြစ်၍ ယင်းအောက်ဆိုပါက ၀ ဒသမ ၅ ကီလိုမီတာ ဟု သတ်မှတ်ကောက်ခံသည်။ WiFi ချိတ်ဆက်မှု ကိရိယာတစ်စုံလျှင် ငွေကျပ် ၅၀၀၀၊ Wireless Internet ချိတ်ဆက်မှု ကိရိယာ တစ်စုံလျှင် ငွေကျပ် ၂၅၀၀၀၊ Monopole Tower စိုက်ထူခြင်းတွင် ၁၀ မီတာ အမြင့်ထိ ငွေကျပ် ၂၀၀၀၀၀၊ မီတာ ၂၀ အမြင့်ထိ ငွေကျပ် ၃၀၀၀၀၀ မီတာ ၃၀ အမြင့်ထိ ငွေကျပ် ၅၀၀၀၀၀ နှုန်းဖြင့် လစဉ်ကောက်ခံသည်။ မြို့တွင်း၌ သွယ်တန်းထားသော ကောင်းကင်ဖိုက်ဘာကြိုးများရှုပ်ထွေးလာရာ အမြင်မတင့်တယ်သဖြင့် အဓိက လမ်းကြီး ၇ ခုတွင် မြေအောက်ကွန်ရက်စနစ်သို့ ပြောင်းလဲသွယ်တန်းရေးကို Pilot Project ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မင်းကွန်းဆိပ်ကမ်းနှင့်ကမ်းနားလမ်းသာယာလုပ်ရေး

မန္တလေးမြို့သည် ဧရာဝတီမြစ်အရှေ့ဘက်ကမ်းတွင်တည်ရှိပြီး ရေကြောင်းပို့ဆောင်ရေးနှင့် ကုန်စည်စီး ဆင်းမှုတွင် အဓိကဆိပ်ကမ်းတစ်ခုဖြစ်၍ မြို့ပြအင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရန်လိုအပ်ပါသည်။ သို့ဖြစ်၍ ဆိပ်ကမ်းနှင့် ကမ်းနားလမ်းသာယာလှပရေး စီမံကိန်းကို ကမ်းနားလမ်းတလျှောက် ဇုံများ ခွဲခြားဆောင်ရွက်ခဲ့ရာ ၂၂ လမ်းမှ ၂၆လမ်းထိဇုန်(၁)နှင့် ၂၆လမ်းမှ ၃၅ လမ်းထိဇုန်(၂)တို့တွင် အကောင်အထည်ဖော်ပေးခဲ့သည်။

မြို့နေလူထုနှင့် ပြည်တွင်းပြည်ပခရီးသွားများ စိတ်ချမ်းမြေ့စွာ အပန်းဖြေရန် Road Curb နှင့် လက်ရမ်းများပါသော ၁၁-ပေ အကျယ်လက်ရန်းပါ ပလက်ဖောင်းများဆောင်ရွက်ခြင်း၊ ပေ ၁၀၀-အကျယ် ကွန်ကရစ်ရင်ပြင်တည်ဆောက်ခြင်း၊ မြစ်ကမ်းပါးရေတိုက်စားမှုမှ ကာကွယ်ထိန်းသိမ်းရန် River Bank Protection တည်ဆောက်ခြင်း၊ နိုင်လွန်ကတ္တရာဖြင့် ၃-လမ်းသွား ဘေးချဲ့လမ်းခင်းခြင်းတို့ ဆောင်ရွက်ပေးခဲ့ပြီး ဇုန်အလိုက် ကျန်ရှိသည့် လုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။

မန္တလေးမြို့မှ မင်းကွန်းခေါင်းလောင်းကြီးရှိရာသို့ ပြည်တွင်းပြည်ပဧည့်သည်များ မော်တော်များနှင့် သွားရောက်လည်ပတ်ရာ၌ အသုံးပြုသည့် ၂၂လမ်းနှင့် ကမ်းနားလမ်းထောင့်၊ မရမ်းခြံ ဆိပ်ကမ်းသာယာလှပရေးစီမံကိန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည်။ ယင်းစီမံကိန်းတွင် အများပြည်သူ အပန်းဖြေအနားယူနိုင်မည့် ကွန်ကရစ်ရင်ပြင် ခင်ကျင်းထားသော View Point ပါရှိပြီး "ဧရာဝတီရှုခင်းသာ"ဟု အမည်ပေးထားသည်။ ရင်ပြင်အလျားမှာ ပေ ၈၈၀ နှင့် အကျယ်ပေ ၁၀၀ ဝန်းကျင်ရှိ၍ Retaining Wall (အလျား ပေ ၈၈၀ ×ကျောက်ရိုးစီမြေထိန်းနံရံ အမြင့် ၁၈ ပေ ၆ လက်မဖြစ်သည်။ ကြီးမားကျယ်ပြန့်သော View Point ဟုဆိုနိုင်သည်။ ဧရာဝတီကမ်းနားလမ်းတစ်လျှောက်နှင့် ကျယ်ပြန့်သော ဧရာဝတီရှုခင်းသာတို့မှာ သန့်ရှင်းသာယာလှပနေပြီဖြစ်၍ နံနက်နှင့်ညနေပိုင်းတို့တွင် လာရောက်အပန်းဖြေသူ၊ ကျန်းမာရေးအတွက် အားကစားလှုပ်ရှားသူများဖြင့် စည်ကားလျက်ရှိပါသည်။ တစ်ချိန်က ဧရာဝတီကမ်းနားလမ်း၊ ဆိပ်ကမ်းနှင့် များစွာကွာခြားလျက် သန့်ရှင်းသာယာနေသည်ကို တွေ့ရပေမည်။

ရတနာပုံဥယျာဉ် စီမံကိန်းလုပ်ငန်း

မန္တလေးမြို့၏ နှလုံးသည်းပွတ်ဖြစ်သော နန်းတော်မြို့ရိုးနှင့် ကျုံးရေပြင်ကြား မြို့ရိုးပတ်လည်တွင် "ရတနာပုံဥယျာဉ်"တည်ဆောက်ခြင်းကို ၂၀၂၂ ခုနှစ်က မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့လမ်းညွှန်မှုဖြင့် မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ဝန်၏ အနီးကပ်ကြီးကြပ်မှုဖြင့် လမ်းတံတားဌာနမှ အကောင်ထည်ဖော် ဆောင်ရွက်ခဲ့သည်။

ရတနာပုံဥယျာဉ်အတွင်း လာရောက်အပန်းဖြေကြသူများအတွက် Buggy ကားများဖြင့် လည်းကောင်း၊ စက်ဘီးများဖြင့်လည်းကောင်း၊ ကျန်းမာရေးလမ်းလျှောက်သူများအတွက်လည်းကောင်း အဆင်ပြေချောမွေ့စေရန် ကျုံးမြို့ရိုးနှင့် ကျုံးရေပြင်အကြား၊ ဥယျာဉ်အတွင်း ကျုံးပတ်လမ်းတွင် Cement Stabilization အခြေခံအလွှာ လမ်းအရှည် ၂၆၁၅ ပေ(၄ဒသမ ၉၅မိုင်)နှင့်အရှေ့ဘက်အခြမ်းနှင့် တောင်ဘက်ခြမ်းတို့တွင် နိုင်လွန်ကတ္တရာလမ်းအရှည် ၁၃၈၃၅ ပေ(၂ ဒသမ ၃၅ မိုင်)လမ်းခင်းဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် ဥယျာဉ်အတွင်း ရေဝပ်ရေလှဲခြင်းမှ ကာကွယ်နိုင်ရန်အုတ်ရေမြောင်းများနှင့် ရေစုကန်များ၊ ဝဲ၊ ယာလမ်းတစ်လျှောက် အမြင့်တင့်တယ်စေရန် Road Curb များနှင့် ဖြူ၊ နီကျားဆေးများသုတ်ပေးခြင်း၊ ဥယျာဉ်သို့ လာရောက်သူများ ကျန်းမာရေးလေ့ကျင့်ခန်းများ ပြုလုပ်နိုင်ရန် ကျုံးပတ်လည်တွင် ရင်ပြင် ၂၂ ခုနှင့် ကျုံးထောင့်များတွင် ရင်ပြင် ၄ ခုနှင့် ယာဉ်ရပ်နားရန်အတွက် Car Parking ၃ ခုတို့ကို ဆောင်ရွက်ပေးခဲ့သည်။ အချိန်နှင့်အမျှ လုပ်ငန်းတွင်ကျယ်စေရန် လမ်းတံတားဌာနက နေ့ရောညပါ တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

တောင်သမန်အင်း သန့်ရှင်းသာယာလုပ်ရေး

မန္တလေးမြို့တော်စည်ပင်သာယာနယ်နိမိတ်ဖြစ်သည့် အရေပူရမြို့နယ်တွင် နှစ်ပေါင်း ၁၇၀ ကျော် ပြီဖြစ်သည့် တောင်သမန်အင်း (ဦးပိန်တံတား)နှင့် မယ်ဇယ်တန်းသန့်ရှင်းသာယာလုပ်ရေးစီမံကိန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အပြီးသတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သည်။ ကမ္ဘာတွင် အရှည်လျားဆုံးသော ကျွန်းသစ်တံတားကြီးတည်ရှိရာနှင့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ လာရောက်လေ့လာအပန်းဖြေသည့် နေရာဖြစ်သည်။ တစ်ချိန်ကစည်းကမ်းစနစ်မကျသော ဈေးဆိုင်ခန်းများနှင့် ပတ်ဝန်းကျင်သန့်ရှင်းမှုမရှိ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့လမ်းညွှန်မှု၊ မြို့တော်ဝန်၏ အနီးကပ်ကြီးကြပ်မှုတို့ဖြစ် တစ်နှစ်တာကာလအတွင်းပြီးစီးခဲ့သည်။

ဆိုင်ခန်းဟောင်းနေရာများတွင် မြေထိန်းနံရံ ကျောက်ရိုးစီခြင်း၊ ဆိုင်ခန်းသစ်များကြားနေရာများနှင့် Car Parking များတွင် Cement Stabilized ခင်းခြင်း၊ မယ်ဇယ်တန်းတစ်လျှောက်တွင် ကျောက်ချောလမ်းခင်ခြင်းနှင့် မယ်ဇယ်တန်းမှတံတားရှိရာသို့ ၄က်လေ့များကူးခတ်သွားလာနိုင်မည့် ရေသွင်းမြောင်းတူးဖော်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။သမိုင်းတန်ဖိုးကြီးမားသော တောင်သမန်ဝန်းကျင်တွင် မျက်စိပသာဒတင့်တယ်သော ရှုခင်းများဖြင့် အပန်းဖြေအနားယူနိုင်ပြီ ဖြစ်သည်။ ထို့အပြင် စားသောက်ဆိုင်၊ မြန်မာ့ရိုးရာပစ္စည်းအရောင်းဆိုင် စသည့် ဆိုင်ခန်းနှင့် ယာဉ်ရပ်နားရန် နေရာများကို စနစ်တကျတည်ဆောက်ထားသဖြင့် ယခင်နှင့်မတူ ထူးခြားစွာ သန့်ရှင်းသာယာလှပနေသည်မှာ ပြည်တွင်းပြည်ပ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေပါသည်။

အချုပ်အားဖြင့်ဆိုသော် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုများနှင့်အတူ မြို့ပြဖွံ့ဖြိုးတိုးတက်မှုအတွက် ဘတ်ဂျက်ချထားမှုပေါ်မူတည်၍ မြို့တော်သန့်ရှင်းသာယာလှပစေရေး၊ မြို့နေလူထုစိတ်ချမ်းမြေ့စေရေးအတွက် ဌာနအချင်းချင်းပူးပေါင်းချိတ်ဆက်ကာ ဌာနဝန်ထမ်းများက လုပ်ငန်းတာဝန်များကို တက်ညီလက်ညီဖြင့် ကျေပွန်စွာထမ်းဆောင်လျက်ရှိပါတော့သည်။

ခိုင်ဆက်ဝေ

ကျွန်မသိသော ရွှေမန်းမြို့က ထူးခြားထင်ပေါ် ပုဂ္ဂိုလ်ကျော်များ စာအုပ်ထွက်ရှိ

မန္တလေး စက်တင်ဘာ ၂၇

ဆရာမအေးအေးခိုင်(ပညာရေး)၏ ကျွန်မသိသော ရွှေမန်းမြို့က ထူးခြားထင်ပေါ် ပုဂ္ဂိုလ်ကျော်များစာအုပ် မင်းစံစာပေမှ

ထွက်ရှိလာသည်။ စာရေးဆရာမြန်ဂုဏ်ဆောင်၏ အမှာစာနှင့် အတူ စာရေးသူ၏ ကျေးဇူးတင်လွှာတို့ဖြင့် ဆောင်းပါးရှစ်ပုဒ်ကို စုစည်းထားသည်။

စာအုပ်တွင် ရှိခိုးဦးခိုက် အတုယူ ဆီမီးထောင်ရာ ထွန်းညှိသူ(ဖောင်တော်ဦးကျောင်း ဆရာတော်ဘဒ္ဒန္တနာယက)၊ ဆရာတော် ဘဒ္ဒန္တဓောတိက)၊ သစ္စာမြေမှ မေတ္တာရေချမ်းလှိုင်လှိုင် ဖျန်းသည့် ပန်းများသခင် ကျေးဇူးရှင်(ဘဒ္ဒန္တခေမာစာရ)၊ ပုလဲလမင်း ထိန်ထိန်လင်း(ပုလဲ ဆရာတော် ဘဒ္ဒန္တပညာဝံသ)၊ အနုပညာရပ်ဝန်းမှ စွယ်စုံရ ပန်းချီဆရာမ(ခင်ဆွေလှိုင်-ပန်းချီ)၊ ဇနီးမောင်နံရာသက်ပန်၊ ထက်သန်သဒ္ဓါရှိပေစွ (ဦးမောင်တာ)၊ သီရိသုမေဓာသိဂီ ဒေါ်စန်းစန်းဝေ)၊ ထူးခြားဂုဏ်မြင့်ကြယ်တစ်ပွင့်(ဒေါက်တာလှခိုင်)၊ ကမ္ဘာ့ရွှမှာ၊ အလှသာသည့် မင်းမြန်မာက ဆရာ(ဦးရဲမင်းစိုး)၊ ကျေးဇူးကြီးလှ မိနှင့်ဖ(စာရေးသူ၏ မိဘ နှစ်ပါး ဦးထွန်းရွှေ၊ ဒေါ်လှလှ) တို့အကြောင်းကို စုစည်းထားခြင်း ဖြစ်သည်။

စာဖတ်သူများအတွက် ထူးခြားထင်ပေါ်သည့် ပုဂ္ဂိုလ်များ အကြောင်းကို အလွယ်တကူ လေ့လာဖတ်ရှုနိုင်ရန် ဆရာမ အေးအေးခိုင်(ပညာရေး)မှ အပင်ပန်းခံ၍ ကြိုးစားရေးသားထားသော အတ္ထုပ္ပတ္တိဆိုင်ရာ စာအုပ်အဖြစ် လေ့လာဖတ်ရှုရမည်ဖြစ်ရာ ဝယ်ယူအားပေးဖတ်ရှုလိုပါက အမှတ်(၃၂၄)၊ ၆၂လမ်း၊ ၂၉လမ်းနှင့် လမ်း၃၀ကြား ဆရာမစိုး(သစ်ခွခ)၊ ဖုန်း ၀၂-၄၀၆၁၂၄၂၊ ၀၂-၂၇၄၄၇၅၄၊ ၀၉-၂၀၂၄ ၆၁၆၊ ၀၉-၇၇၂၈၈၇၃၆၈ နှင့် မန္တလေးစာအုပ်အရောင်းဆိုင်များတွင် တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ဝယ်ယူဖတ်ရှုနိုင်ကြောင်း သိရသည်။ **(ဝဲပုံ)**

(PNT)

မင်္ဂလာ အရှုံးဦး

* အရှေ့ဆီက နေဝန်းနီ
ထွက်စပြုလာပြီ ။
* ပတ္တမြားရည် ပုံစံကွဲ
စီးကျ အရောင်လဲ့ ။
* အိပ်ပျော်နေတဲ့ ငှက်ကလေးတွေ
နိုးထကုန်ပြီလေ ။
* တစ်နေ့တာ ဝမ်းရေးတွက်
အစာရှာဖို့ထွက် ။
* ကန်ထက်ဆီက ကြာပန်းဖြူ
ပွင့်ကြအတူတူ ။
* သင်းကြ။ကြ။ ရန့်မွှေး
လေပြည် တစ်သွေးသွေး ။
* အေးချမ်းပါတဲ့ ဒီအချိန်ဟာ
နေ့သစ်အစပါ ။
* မင်္ဂလာရှိတဲ့ အရုဏ်ဦး
ရင်ထဲမှာ ကြည်နူး ။ ။

မောင်မိုးဝင်း(မန္တလေး)

ဥာဏ်စမ်းပဟေဠိပြိုင်ပွဲ ၊ စာလုံးပေါင်းသတ်ပုံအမှန်ရွေးပြိုင်ပွဲ ၊ ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲ ၊ ဆေးရောင်ခြယ်ပြိုင်ပွဲများ ကျင်းပ

ပုဗ္ဗသီရိ စက်တင်ဘာ ၂၇

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ Community Centre တွင် မိသားစုကိုယ်ပိုင် မူလတန်းကျောင်းမှ ကျောင်းသား၊ကျောင်းသူများအားဖိတ်ခေါ်၍ ဥာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ စာလုံးပေါင်းသတ်ပုံအမှန်ရွေးပြိုင်ပွဲ၊ ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စာအုပ်စာစောင်ပြပွဲ နှင့် နံရံကပ်စာစောင်ပြပွဲ များကို စက်တင်ဘာ ၂၆ ရက် နံနက်ပိုင်းက ကျင်းပခဲ့သည်။ **(အမေါ်ယာဝုံ)**

အဆိုပါပြိုင်ပွဲတွင် မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းနွယ်က ပြိုင်ပွဲများ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး နောက် ဥာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ စာလုံးပေါင်းသတ်ပုံအမှန်ရွေးပြိုင်ပွဲ၊ ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲများတွင် ဖိတ်ခေါ်ထားသည့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၄၀ ဦးတို့က ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ဆက်လက်၍ ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ၊ စာရေးဆရာ မောင်ရည်ကျော်(ရွှေပ)၊ မိသားစုကိုယ်ပိုင်မူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမတို့က ဆုတံဆိပ်များ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊

ကလေးအလုပ်သမားပယောဂက်ရေး အသိပညာပေး နံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များအား တက်ရောက်လာသူများက လေ့လာကြည့်ရှုကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဆေးတလုံး အ-ထ-က(ခွဲ)တွင် စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြော

ပြင်ဦးလွင် စက်တင်ဘာ ၂၇

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ဆေးတလုံး အ.ထ.က(ခွဲ)တွင် စက်တင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်စေရန် ရည်ရွယ်၍ ဟောပြောဆွေးနွေးပွဲ ကျင်းပရာ ရှေးဦးစွာ ဆေးတလုံး အုပ်ချုပ်ရေးမှူးက အဖွင့် အမှာစကား ပြောကြားသည်။ ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါလွင်က ဟောပြောပွဲ ကျင်းပရသည့် ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဗမာစာပေနှင့်ယဉ်ကျေးမှုအသင်း ခရိုင်အဆင့် ဒုတိယဥက္ကဋ္ဌ ဒေါ်အေဇင်မေက ဗမာစာပေနှင့်ယဉ်ကျေးမှု အသင်းအား မိတ်ဆက်ပေးခဲ့သည်။ ထို့နောက် စာရေးဆရာ ကိုရွှေအောင်သင်းက 'အနာဂတ် ကိုပိုင်စိုးမည့်သူများ' ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့ပြီး အဆိုပါ ဟောပြောချက်များနှင့် ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူများအား မေးမြန်းခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဖြေကြားခဲ့သည်။

ဆက်လက်၍ ဗမာစာပေနှင့် ယဉ်ကျေးမှု အသင်းနာယကဦးလင်းဇော်မင်းက ဟောပြောပွဲ ဆောင်ရွက်သည့်အပေါ် မှဒီတာ စကားပြောကြားခဲ့ပြီး အိမ်ခြံမြေ ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ ဒေါ်ဇိုးမိုးမိုးသန်းနှင့် အဖွဲ့ဝင်များက အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ဆေးတလုံး အ.ထ.က(ခွဲ)မှ ကျောင်းသား၊ ကျောင်းသူများအား အသိအလိမ္မာရဖွယ် သုတ၊ ရသပုံပြင်များ ဖတ်ကြားပြခြင်း၊ နံရံကပ်စာစောင်များ၊ သုတ၊ ရသ စာစောင်များ ခင်းကျင်းပြသပေးသည်။

အဆိုပါဟောပြော ဆွေးနွေးပွဲသို့ ကျောင်းသား၊ ကျောင်းသူ ၂၅ဝဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။**(အောက်ပုံ)**

သွေးသွေး(ရေရှိပြန်/ဆက်)

ရေဘေးသင့်ဒေသများတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စေတနာရှင် အလှူရှင်၊ လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၂၇

ရာဂီတိုင်းဖွန်းမုန်တိုင်းသက်ရောက်မှုကြောင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသဖြင့် အဆိုပါ ရေဘေးသင့်ဒေသများတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် စေတနာရှင် အလှူရှင်၊ လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများက စက်တင်ဘာ ၁၁ ရက်မှ ၂၅ ရက်အထိ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၂ ခုတို့တွင် ၎င်းတို့၏ အစီအစဉ်ဖြင့် အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းခဲ့ကြသည်။

နေပြည်တော်ကောင်စီနယ်မြေတွင် အလှူရှင်ပုဂ္ဂိုလ် ၂၉၈ ပါး/ဦး အဖွဲ့အစည်း ၂၈၉ ဖွဲ့တို့က ငွေကျပ် ၈၆ ဒသမ ၃၆၃ သန်းနှင့် ငွေကျပ် ၆၆၈ ဒသမ ၅၁၉ သန်းတန်ဖိုးရှိ ပစ္စည်းများအပါအဝင် စုစုပေါင်းငွေကျပ် ၇၅၄ ဒသမ ၈၈၃ သန်းကို တပ်ကုန်း၊ ဓေယျာသီရိ၊ ပုဇွသီရိ၊ လယ်ဝေးနှင့် ပျဉ်းမနားမြို့နယ်တို့သို့ လည်းကောင်း၊ ကယားပြည်နယ်တွင် အလှူရှင်ပုဂ္ဂိုလ် ခြောက်ပါး/ဦး အဖွဲ့အစည်း ငါးဖွဲ့တို့က ငွေကျပ် ၁၅ ဒသမ ၇၄၂ သန်းနှင့် ငွေကျပ် ၉၉ ဒသမ ၄၇၀ သန်း တန်ဖိုးရှိ ပစ္စည်းများ အပါအဝင် စုစုပေါင်း ငွေကျပ် ၁၁၅ ဒသမ ၂၁၂ သန်းကို လွှင်ကော်မြို့နယ်အတွက်လည်းကောင်း၊ ကရင်ပြည်နယ်တွင် အလှူရှင်ပုဂ္ဂိုလ် ၄၅ ပါး/ဦး အဖွဲ့အစည်း ၅၀ တို့က ငွေကျပ် ၄၆ ဒသမ ၈၆၄ သန်းနှင့် ငွေကျပ် ၃၇၆ ဒသမ ၂၀၀ သန်းတန်ဖိုးရှိ ပစ္စည်းများအပါအဝင် စုစုပေါင်း ငွေကျပ် ၄၂ ဒသမ ၀၆၄ သန်းကို ဘားအံ၊ လှိုင်းဘွဲ့၊ မြဝတီ၊ ဖာပွန်မြို့နယ်များသို့ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် အလှူရှင်ပုဂ္ဂိုလ် တစ်ပါး/ဦး အဖွဲ့အစည်း ရှစ်ဖွဲ့တို့က ငွေကျပ် ၇ ဒသမ ၅၀၀ သန်းနှင့် ငွေကျပ် ၁၆၁ ဒသမ ၉၀၀ သန်းတန်ဖိုးရှိ ပစ္စည်းများအပါအဝင် စုစုပေါင်းငွေကျပ် ၁၆၉ ဒသမ ၄၀၀ သန်းကို စစ်ကိုင်းတိုင်းဒေသကြီး(ပြင်ပ)ရှိ တံတားဦး၊ ကျောက်ဆည်၊ မြစ်သား၊ ကူမဲ၊ ပျော်ဘွယ်၊ ရမည်းသင်းမြို့နယ်များသို့ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးတွင် အလှူရှင်ပုဂ္ဂိုလ် လေးပါး/ဦး တို့က ငွေကျပ် ၅၀ဒသမ ၅၀၀ သန်းနှင့် ငွေကျပ် ၁၉၈ ဒသမ ၉၀၀ သန်း တန်ဖိုးရှိ ပစ္စည်းများအပါအဝင် စုစုပေါင်း ငွေကျပ် ၂၄၉ ဒသမ ၈၆၄ သန်းကို ဘားအံ၊ ကလော၊ ညောင်လေးပင်၊ ရမည်းသင်း၊ တပ်ကုန်း၊ လယ်ဝေး၊ ပျဉ်းမနား၊ တောင်ငူ မြို့နယ်များသို့လည်းကောင်း သွားရောက်လှူဒါန်းခဲ့သည်။

အလားတူ ပဲခူးတိုင်းဒေသကြီးတွင် အလှူရှင်ပုဂ္ဂိုလ် ၂၇၉ ပါး/ဦး အဖွဲ့အစည်း ၂၃၁ ဖွဲ့တို့က ငွေကျပ် ၇၆၄ ဒသမ ၈၄၆ သန်းနှင့် ငွေကျပ် ၁၁၈၆ ဒသမ ၅၅ သန်း တန်ဖိုးရှိ ပစ္စည်းများအပါအဝင် စုစုပေါင်းငွေကျပ် ၁၉၅၁ ဒသမ ၄၂၈ သန်းကို တောင်ငူ (ခမေါင်းခန်း)၊ ရေတာရှည်၊ ထန်းတပင်၊ အုတ်တွင်း၊ ဖြူ၊ တောင်ငူ(ခရိုင်ကွပ်ကဲရေးရုံး)၊ ညောင်လေးပင်မြို့နယ်တို့သို့လည်းကောင်း၊ မကွေးတိုင်းဒေသကြီးတွင် အလှူရှင်ပုဂ္ဂိုလ်ခြောက်ပါး/ဦး အဖွဲ့အစည်း ၂၇ ဖွဲ့တို့က ငွေကျပ် ၆၃၄ ဒသမ ၆၀၅ သန်းနှင့် ငွေကျပ် ၉၃ ဒသမ ၂၄၉ သန်း တန်ဖိုးရှိ ပစ္စည်းများအပါအဝင် စုစုပေါင်း ငွေကျပ် ၇၂၇ ဒသမ ၈၅၄ သန်းကို မကွေး တိုင်းဒေသကြီး (ပြင်ပ) နေပြည်တော်၊ တောင်ငူ၊ မြစ်သား၊ ရမည်းသင်း၊ တပ်ကုန်း၊ ပျဉ်းမနား၊ ဓေယျာသီရိ၊ ဝမ်းတွင်း၊ ကလော၊ အင်းလေး၊ ကျောက်ဆည်ဒေသများသို့ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် အလှူရှင်ပုဂ္ဂိုလ် ၉၂ ပါး/ဦး အဖွဲ့အစည်း ၂၈၀ ဖွဲ့တို့က ငွေကျပ် ၈၈၂ ဒသမ ၃၉၀ သန်းနှင့် ငွေကျပ် ၁၇၄၉ ဒသမ ၉၄၀ သန်း တန်ဖိုးရှိ ပစ္စည်းများအပါအဝင် စုစုပေါင်း ငွေကျပ် ၂၆၃ ဒသမ ၃၃ သန်းကို ရွှေကူ၊ သာစည်၊ ရမည်းသင်း၊ ကူမဲ၊ မြစ်သား၊ တံတားဦး၊ ကျောက်ဆည်၊ စဉ်ကိုင်၊ ဝမ်းတွင်း၊ မြစ်ငယ်၊ ပျော်ဘွယ်နှင့် မန္တလေးတိုင်းဒေသကြီး(ပြင်ပ) ဆားတောင်၊ သာဂရ၊ တပ်ကုန်း၊ ကလော၊ နေပြည်တော်ဒေသများသို့ လည်းကောင်း၊ မွန်ပြည်နယ်တွင် အလှူရှင်ပုဂ္ဂိုလ် ၂၅ ပါး/ဦး အဖွဲ့အစည်း ၁၉ ဖွဲ့တို့က ငွေကျပ် ၁၀၂၆ ဒသမ ၀၁၀ သန်း နှင့် ငွေကျပ် ၈၄၇ ဒသမ ၅၂၉ သန်းတန်ဖိုးရှိ ပစ္စည်းများအပါအဝင် စုစုပေါင်း ငွေကျပ် ၁၈၇၃ ဒသမ ၅၄၉ သန်းကို မွန်ပြည်နယ် (ပြင်ပ) နေပြည်တော်၊တပ်ကုန်း၊မြစ်သား၊ ရမည်းသင်း၊ ကျောက်ဆည်၊ တောင်ငူ၊ ပျော်ဘွယ်၊ အင်းလေး၊ ညောင်ရွှေ၊ ကလော၊ လွှင်လင်း၊ ဝမ်းတွင်း၊ ပဲခူး၊ ရေနီ၊ မတ္တရာ၊ ညောင်ဦး၊ ဟိုပန်၊ ဘားအံ၊ ကရင်း၊ မန္တလေး၊ ဆွာ၊ ပဲခွေယ်ကုန်း၊ ဖြူ၊ ရေတာရှည်ဒေသများသို့ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် အလှူရှင်ပုဂ္ဂိုလ် ၇၅ ပါး/ဦး အဖွဲ့အစည်း ၂၄၆ ဖွဲ့တို့က ငွေကျပ် ၁၆၃၂ ဒသမ ၈၅၄ သန်းနှင့် ငွေကျပ် ၄၀၇၈ ဒသမ ၃၂၅ သန်း တန်ဖိုးရှိ ပစ္စည်းများ အပါအဝင် စုစုပေါင်း ငွေကျပ် ၅၈၁၁ ဒသမ ၂၃၅ သန်းကို ဧရာဝတီတိုင်းဒေသကြီးတွင် အလှူရှင်ပုဂ္ဂိုလ် ၃၇ ပါး/ဦး အဖွဲ့အစည်း ၂၃ ဖွဲ့တို့က ငွေကျပ် ၆၃၆ ဒသမ ၂၃၄ သန်းနှင့် ငွေကျပ် ၄၆၇ ဒသမ ၁၀၃ သန်းတန်ဖိုးရှိ ပစ္စည်းများ အပါအဝင် စုစုပေါင်း ငွေကျပ် ၁၀၃ ဒသမ ၃၃၇ သန်းကို ဧရာဝတီတိုင်းဒေသကြီး (ပြင်ပ) ရမည်းသင်း၊ တပ်ကုန်း၊ တောင်ငူ၊ ပျဉ်းမနား၊ ဝမ်းတွင်း၊ အင်းလေး၊ ကလော၊ ဟိုပုံး၊ ကျောက်ဆည်၊ ရွှေညောင်၊ ညောင်ရွှေ၊ လယ်ဝေးမြို့နယ်များသို့ လည်းကောင်း သွားရောက်လှူဒါန်းခဲ့ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၂ ခုတို့မှ အလှူရှင်ပုဂ္ဂိုလ်စုစုပေါင်း ၁၃၄၁ ပါး/ဦး အဖွဲ့အစည်း ၁၅၅၆ ဖွဲ့တို့က ငွေကြေးတန်ဖိုးအားဖြင့် ငွေကျပ် ၆၅၇၈ ဒသမ ၁၃၂ သန်း၊ အမေရိကန်ဒေါ်လာ ၅၀ နှင့် ဘတ် ၃ ဒသမ ၄၁၁ သန်း၊ ပစ္စည်းတန်ဖိုးအားဖြင့် ငွေကျပ် ၁၁၃၃၆ ဒသမ ၁၄၆ သန်း၊ ပစ္စည်းတန်ဖိုးရှိ ပစ္စည်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများ နှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဒင်းအပြင် ရေကြီးမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း/တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည်ကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာပျက်စီးခဲ့သည့် လမ်း/တံတားများကိုလည်း ယာယီသံပေါင်ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံးပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံးဆက်လက် ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် နေရာများတွင် သန့်ရှင်းရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၇

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။ ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်တွင် လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ရွှေညောင်မြို့တွင် လည်းကောင်း၊ ကယားပြည်နယ် လွှင်ကော်မြို့တို့တွင် လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင်လည်းကောင်း ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံဆေးခန်းများ၊ဌာနဆိုင်ရာအဆောက်အအုံများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများအပေါ်နှင့် ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့်နန်းများ၊ သစ်ပင် သစ်ကိုင်းများ ဖယ်ရှားပေးခြင်းအပါအဝင် အခြားလိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများတွင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် အလှူရှင်များက ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရော ပေးအပ်လှူဒါန်းခြင်းနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

သတင်းစဉ်

တာခဲရှုအား ရှုံးနိမ့်ခဲ့သော်လည်း ပရီသတ်အားပေးမှုကို တစ်ခဲနက်ရရှိခဲ့သည့် သန့်ဇင်

ONE Friday Fight-81 ၏ ကစ်ဘောင်ဆင် ဖလိုင်းဝိတ် တန်းပွဲစဉ်အဖြစ် ယနေ့ ညပိုင်းက ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ လုမ္ဘဏီအားကစားရုံတွင် ဂျပန် ကစ်ဘောင်ဆင်ဖိုက်တာ တာခဲရှုနှင့် မြန်မာလက်ဝှေ့ကျော် သန့်ဇင်တို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ မြန်မာလက်ဝှေ့ကျော် သန့်ဇင်က တာခဲရှုအား ရှုံးနိမ့်ခဲ့သော်လည်း ပရီသတ်အားပေးမှု၊ ဝန်းရံမှုကို တစ်ခဲနက်ရရှိခဲ့သည်။

ယခုပွဲတွင် သန့်ဇင်သည် ဂျပန်ဖိုက်တာ တာခဲရှုအား ပထမအချီတွင် လဲကျသွားသည်အထိ ထိုးနှိုင်ခဲ့သော်လည်း နည်းစနစ်ပိုင်းနှင့် အတွေ့အကြုံပိုင်း နုနယ်ခြင်းတို့ကြောင့် ဒုတိယအချီတွင် တာခဲရှု၏ထိုးချက်တွေကို မခံနိုင်ဘဲ အရှုံးပေးခဲ့ရခြင်း ဖြစ်သည်။

သန့်ဇင်သည် တာခဲရှုအား ရှုံးနိမ့်ခဲ့သော်လည်း အားကစားရုံအတွင်း မြန်မာပရီသတ်များ၏ အားပေးဝန်းရံမှုသာမက လူမှုကွန်ရက်စာမျက်နှာများမှလည်း မြန်မာပရီသတ်များက တစ်ခဲနက်အားပေးခဲ့ကြသည်။ ဂျပန် ကစ်ဘောင်ဆင်ဖိုက်တာ တာခဲရှုသည် လက်ရှိ ONE ဖလိုင်းဝိတ် ကစ်ဘောင်ဆင် အဆင့်သတ်မှတ်ချက် နံပါတ်(၂)နေရာတွင် ရပ်တည်နေသူဖြစ်သလို K-1 ၏ ဝိတ်တန်း ၃ ခု ချန်ပီယံဟောင်းလည်း ဖြစ်ခဲ့ဖူးသည်။ သန့်ဇင်မှာမူ ONE Friday Fight-81 တွင် သုံးပွဲထိုးသတ်ထားရာ ယခင်နှစ်ပွဲ အနိုင်ရရှိခဲ့ပြီး ယခု ပထမဆုံးရှုံးပွဲ ကြုံတွေ့ခဲ့ရခြင်း ဖြစ်သည်။

ONE Friday Fight-81 ၏ မွေထိုင်းဘင်တန်ဝိတ်တန်း ပွဲစဉ်တွင် မြန်မာလက်ဝှေ့ကျော် ဘေးလ်အာနန်ကို အမှတ်ဖြင့် စိုးလင်းဦးမှာ အယ်လ်ဂျီးရီး အရေးနိမ့်ခဲ့သည်။

ယား-ထိုင်းကစားသမား နာ

(NGB)

မင်္ဂလာဆိုစကား ကြားလိုက်တိုင်း ရင်တွေခုန်

လွန်ခဲ့သော လကွယ်နေ့ မွန်းလွဲက ဖြစ်၏။ အဘိုးတို့ စုဝေးရာ သုမမ္ဘာဇရပ်ထဲသို့ ရောက်သွား၏။ ယနေ့မြင်ကွင်းသည် ခါတိုင်းနှင့်မတူ တစ်မူထူးခြားနေ၏။ အဘိုး ၄၊ ၅၊ ၆ ယောက်တို့အပြင် လူရွယ်၊ လူလတ် အများအပြားတို့ကိုလည်း တွေ့မြင်လိုက်ရ၏။

"လွန်ခဲ့တဲ့ လပြည့်နေ့က လူငယ်နှစ်ယောက်က "အဘိုးတို့ခင်ဗျာ ပန်းပဲမင်းကြီး ဦးမှိုဟာ ဆောက်လုပ်ရေးဘက်မှာ ဘက်စုံကျွမ်းကျင်တဲ့ ပန်းပဲမင်းကြီးလို့ အဘိုးတို့က ပြောခဲ့ကြတယ်။ ဒီပန်းပဲမင်းကြီးဦးမှိုဟာ ဆောက်လုပ်ရေးဘက်မှာသာ ဓာတ်တွေ၊ နံတွေ ကျွမ်းကျင်တာလား၊ ကျွန်တော်တို့ လူငယ်၊ လူရွယ်တွေအတွက်ကော ဓာတ်တွေ၊ နံတွေ မရှိတော့ဘူးလား။ ကန်တော့ပါရဲ့။" "လူငယ်၊ လူရွယ်တွေအတွက် အိမ်ထောင်ရက်သားပြုမယ်ဆိုရင်ရော ဓာတ်တွေ၊ နံတွေ မရှိတော့ဘူးလားခင်ဗျာ" လို့ မေးခဲ့တယ်။ သူတို့အမေးဆုံးတာနဲ့ ကိုရင်ခိုပျံက လကွယ်နေ့ကျလာခဲ့ကြပေါ့ မောင်တို့ရာ မောင်တို့၊ မယ်တို့ သိချင်တာလေးတွေကို တို့များက မှတ်မိသမျှ ပိုင်းဖွဲ့ပြောပါ့မယ်လို့ ဖိတ်ကြားခဲ့တဲ့အတွက် အခုလို လူငယ်၊ လူရွယ်တွေ ပိုင်းဖွဲ့ရောက်လာကြတာ မဟုတ်လား ကိုရင်ခိုပျံရဲ့။

"ဟုတ်တယ်လေ ကိုရင်စည်လန်ရဲ့ ငယ်ရာက ကြီးလာကြတဲ့ ကိုရင်တို့ ကျုပ်တို့ကလည်း လူငယ်ဘဝ မေ့တတ်ကြတာကိုးဗျ။ လူရယ်လို့ ဖြစ်လာတာနဲ့ ဒီလူဟာ လူနက္ခတ်နဲ့ ယှဉ်ပြီး မွေးတာလား၊ နတ်နက္ခတ်နဲ့ယှဉ်ပြီး မွေးတာလား၊ ဘီလူးနက္ခတ်နဲ့ ယှဉ်ပြီး မွေးတာလား ဆိုတာကိုတော့ ကွဲကွဲပြားပြား သိထားဖို့ လိုတယ်။"

"ဟုတ်တယ် ကိုရင်ရာပုံရေ နတ်နက္ခတ်၊ လူနက္ခတ်၊ ဘီလူးနက္ခတ်၊ တစ်မျိုးပြောရရင် လူထဲက လူတွေကို နတ်ရယ်၊ လူရယ်၊ ဘီလူးရယ်လို့ သုံးမျိုးသုံးစား ခွဲခြားသိထားရမယ်၊ အရွယ်ရောက်လာလို့ အိမ်ထောင်ရက်သားပြုကြတော့မယ်ဆိုရင် အဲဒီ နက္ခတ်သုံးမျိုးဟာ အသုံးတည့်လာပြီပေါ့။ လူငယ်တွေ မေးတဲ့ မေးခွန်းနဲ့ အခုရာသီနဲ့ကလည်း တိုက်ဆိုင်လာတယ်။ မကြာခင်မှာ သီတင်းကလည်း ကျွတ်တော့မယ်လေ"။

"နတ်၊ လူ၊ ဘီလူး အကြောင်း မပြောခင် လူငယ်၊ လူရယ်တွေ မှတ်ဖို့ မင်္ဂလာဆောင်ကောင်းတဲ့လ၊ မဆောင်ကောင်းတဲ့လ ခွဲခြားပြချင်သေး တယ် ကိုရင်ကြွယ်ပင် ရဲ့"။

"တစ်နှစ်မှာ လပေါင်း ၁၂ လရှိတယ် ဆိုတာကို အရွယ်ရောက်တဲ့သူတိုင်း သိကြပါတယ်။ အဲဒီ ၁၂ လထဲမှ ၀၊ ၀၊ တော်၊ တော်၊ ပြာ၊ ပေါင်း၊ ခေါ် မတော် ဤ ၆လလို့ ပန်းပဲမင်းကြီး ဦးမှိုက နှုတ်တတ်ဆိုပြခဲ့တယ်လေ။ အဲဒီအဆိုရဲ့ လအမည်တွေကတော့ ၀၊=၀ဆိုလ၊ ၀၊=၀ခေါင်လ၊ တော် = တော်သလင်းလ၊ တော်=နတ်တော်လ၊ ပြာ=ပြာသိုလ၊ ပေါင်း=တပေါင်းလ အဲဒီ ၆ လတို့ဟာ မင်္ဂလာမဆောင်ကောင်းတဲ့ လတွေပဲ မောင်တို့ရဲ့"။

"တစ်ခုတော့ ရှိတယ်၊ မောင်ရင်တို့လူငယ်တွေက ပြောလိုက်ရင် ကျွန်တော်တို့ခေတ်က သိပ်ခေတ် သိပ်ခေတ်လို့ ပြောပြီး ဝိဇ္ဇာစကားတွေကို မယုံချင်ကြဘူး၊ မောင်ရင်တို့ရဲ့ အမေရှိလို့သာ ပြောရတာပါ အားတော့ သိပ်မရှိဘူးပေါ့၊ မောင်ရင်တို့ရာ ပြောလက်စမို့ ဆက်ပြီးတော့ ပြောရဦးမှာပဲ မောင်ရင်တို့ သိပ်ခေတ်မှာ "ဘုန်းကညာ တစ်ပါး လုံးရာကပြား"နေတဲ့ ယောကျ်ားတွေက လည်း မနည်းဘူးကွဲ့ ဒါဟာ သိပ်ခေတ်ရဲ့ သင်္ကေတလို့တောင် ပြောရမလိုဖြစ်နေတယ်။"

"လရဲ့ ၆ လအကြောင်းတော့ သိပြီးကြပြီ မောင်ရင်တို့ လူတစ်ယောက်ရဲ့ မွေးဖွားလာတဲ့ ကောဇာသက္ကရာဇ်ကို တည်ထားလိုက်၊ ၃ ဂဏန်းနဲ့ စားလိုက်၊ ၁ ခုကြွင်းတဲ့လူက နတ်ဖြစ်တယ်။ ၂ ခု ကြွင်းတဲ့သူဟာ လူဖြစ်တယ်၊ ၀ ကြွင်းတဲ့လူဟာ ဘီလူးဖြစ်တယ်။"

"နတ်နဲ့နတ်မင်္ဂလာဆောင်မယ်ဆိုရင် ရာသက်ပန် ချမ်းသာမယ်၊ ရာသက်ပန် ကျန်းမာမယ်၊ ရာသက်ပန် ပေါင်းသင်းရမယ်။"

"လူနဲ့ လူ မင်္ဂလာဆောင်မယ်ဆိုရင် ရာသက်ပန် ချစ်ခင်ကြမယ်"။

"ဘီလူးနဲ့ ဘီလူး မင်္ဂလာဆောင်မယ်ဆိုရင် ရာသက်ပန် ဂုဏ်သတင်းကြီးမယ်၊ ရာသက်ပန် ချစ်ခင်ကြမယ်"။

"ကဲ ကိုရင်ဖိုးမှိုင်းရေ ဘယ်နက္ခတ်နဲ့ ဘယ်နက္ခတ် ဘယ်လူနဲ့ ဘယ်လူ ဘာတွေဖြစ်မယ် ဆိုတာတော့ မေ့တော့တော့ ဝါးတားတားဖြစ်နေလို့ လင်းစမ်းပါဦးလေ"။

"မှတ်မိပါတယ် ကိုရင်လေယူးရာ၊ လူနဲ့နတ် မင်္ဂလာဆောင်မယ်ဆိုရင် ရာသက်ပန် ကျန်းမာမယ်၊ ရာသက်ပန် ချမ်းသာမယ်၊ ရာသက်ပန် အချစ်တာရှည်မယ်"။

"ဘီလူးနဲ့ နတ် မင်္ဂလာဆောင်မယ်ဆိုရင် ရာသက်ပန် ရန်ကင်းမယ်၊ ရာသက်ပန် စီးပွားတတ်မယ်။"

"လူနဲ့ ဘီလူး မင်္ဂလာဆောင်မယ်ဆိုရင် ရာသက်ပန် အတူမနေရ၊ ကွဲကိန်းကြုံရမယ်"။

"တနင်္ဂနွေ၊ တနလာ စတဲ့ ၇ ရက်သား၊ သမီးတို့ မသင့်တဲ့ ဓာတ်လက်ကားလေးကိုတော့ ကိုရင် စိန်ခိုက ရှင်းပြစမ်းပါဗျာ"

မင်္ဂလာဆောင်ပြီး မင်္ဂလာရက် မရှည်ကြတဲ့ လက်ကာကတော့ "ဓမ္မာ၊ သောက၊ အင်းဝ၊ ရာဇာ အိမ်ထောင်ဘက် အသက်မရှည်ရာတဲ့ ဓမ္မာဆိုတာ ၈-က စနေသား၊ သမီးကို ပြောတာ၊ မွာ က ကြာသပတေး သား၊ သမီးကိုပြောတာ၊ သူတို့နှစ်ယောက်က မတည့်ဘူး"

"သော-က သောကြာ သား၊ သမီးကိုပြောတာ၊ က-က တနလာသား၊ သမီးကို ပြောတာ သူတို့ နှစ်ယောက် မတည့်ဘူး"

"အင်း-က တနင်္ဂနွေသား၊ သမီးကိုပြောတာ၊ ဝ-က ဗုဒ္ဓဟူး သား၊ သမီးကို ပြောတာ၊ သူတို့ နှစ်ယောက် မတည့်ဘူး"။

"ရာ-က ရာဟုသား၊ သမီးကို ပြောတာ၊ ရာဟုသား၊ သမီးဆိုတာ ဗုဒ္ဓဟူးနေ့ နေ့လည် ၁၂ နာရီ ထိုးပြီးနောက် ည ၁၂ နာရီအတွင်း မွေးဖွားတဲ့သူကို ရာဟုသား၊ သမီးလို့ ခေါ်တာ၊ ဇာ-က အင်္ဂါသား၊ သမီးကိုပြောတာ သူတို့နှစ်ယောက် မတည့်ဘူး"။

အဲဒီမတည့်တဲ့ နေ့နဲ့ နှစ်နဲ့ မင်္ဂလာဆောင်ကြပြီဆိုရင်တော့ အိမ်ထောင်ဘက် အသက်မရှည်ကြတော့ဘူးပေါ့၊ မောင်ရင်တို့ရဲ့ သိပ်ခေတ်မှာ ရောမစာလုံးမည်းကြီးတွေနဲ့ သတင်းစာတွေ၊ ဂျာနယ်တွေ၊ စာစောင်တွေမှာ စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း ဆိုတဲ့ စာလုံးကြီးတွေ တွေ့ရှုး၊ မြင်ဖူးကြမှာပေါ့၊ အဲဒီ စေ့စပ်ကြောင်းလမ်းပြီးစီးခြင်းဆိုတဲ့ စာလုံးမည်းကြီးတွေကို ဖျက်ဆီးလိုက်တဲ့ စာလုံးမည်းတွေကိုလည်း တွေ့ရှုး၊ မြင်ဖူးကြမယ်ထင်ပါတယ်၊ အဲဒီ စာလုံးမည်းတွေကတော့ "စေ့စပ်ကြောင်းလမ်းခြင်းကို ဖျက်သိမ်းခြင်း" ဆိုတဲ့ စာလုံးမည်းကြီးပေါ့"။

"အဲဒီစာလုံးမည်းကြီး စာတန်းနှစ်တန်းရဲ့ ဆန့်ကျင်မှုဟာ မောင်ရင်တို့ သိပ်ခေတ်ရဲ့ ပြောဆိုအော်ဟစ်နေကြတဲ့ ပြောစကားလိုလို သီချင်းလိုလို ခုတွေ့တယ်၊ ခုကြိုက်တယ်၊ ခုလိုက်တယ်၊ ခုတွဲတယ်" ဆိုတဲ့ အထီးမှန်း၊ အမမှန်းမသိတဲ့၊ အပျိုမှန်း၊ အအိုမှန်းမသိတဲ့၊ အကောင်းမှန်း အဆိုးမှန်းမသိတဲ့ သိပ်ခေတ်ဆိုးကြီးလို့ပြောရင် မောင်ရင်တို့က ဒီအဘိုးကြီးတွေ သူငယ်ပြန်ပြီး ပြောချင်ရာ ပြောနေကြတာပါကွာလို့ ချေဖျက်ပစ်ကြမယ်ထင်တယ်၊ အင်း တကယ်တော့လည်း အဘိုးတို့ရဲ့ အရွယ်က ဒီလိုလူငယ်စကားတွေ မပြောသင့်တော့ဘူးပေါ့လေ၊ အမေးရှိလို့သာ ပြောလိုက်ရတာပေါ့၊ ပန်းပဲမင်းကြီး ဦးမှိုရဲ့ နှစ်ဖက်မြင်ပညာတွေကို မှတ်တမ်းတင်တယ် လို့တောင် ပြောလိုက်ချင်ပါရဲ့ မောင်တို့ရာ"။

အဘိုးတို့၏ စကားပိုင်းသည် ငြိမ်သက်သွား၏။ လူငယ်၊ လူရွယ်တို့လည်း မျက်တောင်မခတ်ကြည့်လျက်သားနှင့် နေကြတော့၏။

မောင်လောက

ရေကြီးနစ်မြုပ်ဖြစ်ပေါ်ပြီးနောက်ပိုင်း ရေပြန်ပေါ်သီးနှံများဖြစ်သည့် စပါးသီးနှံတွင် ကျရောက်နိုင်သည့် ဖြုတ်ညိုကျရောက်ဖျက်ဆီးမှုများ ကာကွယ်နှိမ်နင်းခြင်းအသိပညာပေးများ ဆောင်ရွက်လျက်ရှိ

မန္တလေး စက်တင်ဘာ ၂၇

မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲမှ တိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်ဖြစ်ပေါ်ပြီးနောက်ပိုင်း ရေပြန်ပေါ်သီးနှံများဖြစ်သည့် စပါးသီးနှံတွင် ကျရောက်နိုင်တဲ့ ဖြုတ်ညိုကျရောက်ဖျက်ဆီးမှု ကာကွယ်နှိမ်နင်းခြင်းပညာပေးတာတွေကို ဆွေးနွေးပြောကြားပါတယ်၊ သီးနှံစိုက်ဧက မလျှောကျရေး၊ အထွက်နှုန်းမကျရေးတို့အတွက် ပညာပေးခြင်းတွေကို ဆက်လက်လုပ်သွားမှာပါ" ဟု မန္တလေးတိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံ ခေါ်သင်းသင်းထက်က ပြောသည်။

မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီး၊ ခရိုင် သီးနှံကာကွယ်ရေးဌာနခွဲမှ ကျောက်ဆည်ခရိုင် ကျောက်ဆည် မြို့နယ်ဦးစီးမှူးနှင့်အတူ ကျောက်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးတွင် ကျေးရွာ ၂၀ မှ ရေကြီးနစ်မြုပ် ဖြစ်ပေါ်ပြီးနောက်ပိုင်း ရေပြန်ပေါ်သည့် စပါးစိုက် တောင်သူ ၆၀ ဦးအား စပါးသီးနှံတွင် ကျရောက်နိုင်သည့် ဖြုတ်ညိုကျရောက်ဖျက်ဆီးမှုများ ကာကွယ်နှိမ်နင်းခြင်းပညာပေး Campaign ကို ဆောင်ရွက်ခဲ့ကြောင်း၊ တိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံ ခေါ်သင်းသင်းထက်က ရေကြီးနစ်မြုပ်ဖြစ်ပေါ်ပြီးနောက် ဖြစ်ပေါ်တတ်သော ပိုးမွှားရောဂါနှင့် ဖြုတ်ညိုဖျက်ပိုးဘက်ဆိုင်ရာ ကာကွယ်ရေးအကြောင်းတို့ကို လည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဦးမြင့်အောင်က ကျောက်ဆည်မြို့နယ်အတွင်း ရေကြီးနစ်မြုပ်ပျက်စီးဇကများတွင် အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးနှင့် စပါးပြန်မစိုက်နိုင်သောဧကများ နောက်သီးနှံများဖြစ်သော ကုလားပဲ၊ နေကြာတို့ဖြင့် အစားထိုးပြန်လည်စိုက်ပျိုးနိုင်ရေးတို့ကိုလည်းကောင်း ဆွေးနွေးပြောကြားခဲ့သည်။

၄င်းနောက် မန္တလေးမြို့ရှိ အောင်မြင်သူစိုက်ပျိုးရေးဆေးဆိုင်မှ ဆေးဖျန်းပုံးနှင့် ကျောက်ဆည်မြို့နယ် တောင်သူကြီးစိုက်ပျိုးရေးဆေးဆိုင်တို့မှ ထောက်ပံ့ပေးသော ပိုးသတ်ဆေး ဆေးဖျန်းပုံးတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း၊ စက်တင်ဘာ ၂၅ ရက်က စဉ်ကိုင်မြို့နယ်တွင် အလားတူ Campaign ဆောင်ရွက်ခဲ့ပြီး ကျောက်ဆည်ခရိုင်အတွက် စုစုပေါင်းတန်ဖိုး ငွေကျပ် ၆၄၃၇၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)(မန္တလေးနေ့စဉ်-၄)

နူဆန်တာရာမြို့တော်သစ် စီမံကိန်းများနှင့်ပတ်သက်၍ အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒို ရှင်းလင်းပြောကြား

ဂျကာတာ စက်တင်ဘာ ၂၇

နူဆန်တာရာမြို့တော်သစ် နယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်ရေးစီမံကိန်းများနှင့်ပတ်သက်၍ စက်တင်ဘာ ၂၅ ရက်က အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက ၄င်း၏အမှာစကား၌ ရှင်းလင်းပြောကြားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မကြာသေးမီက အတည်ပြုခဲ့သော ဟိုတယ်ဝန်ဆောင်မှုနှင့် ပညာရေးဆိုင်ရာအဆောက်အအုံများ စီမံကိန်းဖွင့်ပွဲအခမ်းအနား၌ အမှာစကားပြောစဉ် နူဆန်တာရာမြို့သည် ပြည်တွင်း၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများအတွက် အလွန်ဆွဲဆောင်သော နေရာပင်ဖြစ်ကြောင်း ၄င်းက ထည့်သွင်းပြောကြားသည်။

တရုတ်နိုင်ငံမှ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များ၌ ရင်းနှီးမြှုပ်နှံသော ဒယ်လိုနစ်စ်အုပ်စုက ဦးဆောင်ကာ အမေရိကန် ဒေါ်လာ ၃၂ ဒသမ ၅ သန်း ရင်းနှီးမြှုပ်နှံကာ အခန်း ၂၀၀ ရှိသော ဓိမ်ခံဟိုတယ်ကြီးတစ်လုံးကို ၂ ဒသမ ၄၃ ဟက်တာ ကျယ်ဝန်းသည့် မြေပေါ်တွင် တည်ဆောက်ရန် စီစဉ်ထားသည်။

ထို့အတူ ဘာလီကျွန်း၌ အဆောက်အအုံများ ဆောက်လုပ်နေသော ရုရှားအခြေစိုက် မက်ဂနမ်အပြည်ပြည်ဆိုင်ရာ အိမ်ခြံ၊ မြေလုပ်ငန်းစုကလည်း နူဆန်တာရာမြို့သစ်၌ အဆင့်မြင့်အိမ်ရာများ၊ တိုက်ခန်းများ၊ အပန်းဖြေစခန်းများ ဆောက်လုပ်ရန် စီစဉ်ထားကြောင်း သိရသည်။

Mon

o–o–o–o–o

ကုလသမဂ္ဂအထွေထွေညီလာခံတွင် စက်တင်ဘာ ၂၆ ရက်က ပါလက်စတိုင်းသမ္မတ မာမွတ်အက်ဘတ်စ် အမှာစကားပြောကြားနေစဉ်။ **Mon**

ကိုရီယားဒေသ ဒေါ်လာ ၃ ဒသမ ၅ သန်းခန့် ရင်းနှီးမြှုပ်နှံ

ရန်ကုန် ၊ **ဇူလိုင်** ၂၆ ရက်

ကိုရီယားဒေသ ဒေါ်လာ ၃ ဒသမ ၅ သန်းခန့် ရင်းနှီးမြှုပ်နှံ

နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

Patt Napapa က ခင်ပွန်းထံမှ အိမ်ကြီးတစ်လုံး လက်ဆောင်ရ

ထိုင်းအနုပညာရှင်မင်းသမီး ပတ်နာပါပါသည် ခင်ပွန်းဖြစ်သူထံမှ အိမ်ကြီးတစ်လုံး လက်ဆောင်ရလိုက်သည်ဟု ထိုင်းအတ်ဒိတ်တွင် ဖော်ပြသည်။ သရုပ်ဆောင်ကောင်းသည့် ပတ်နာပါပါကို လက်ရှိထုတ်လွှင့်နေသည့် လိုအင်အပြည့်နဲ့ မိန်းမသားတွင် ပရိသတ်အားပေးမှုရရှိထားကာ ခင်ပွန်းမှာ ဒုတိယအိမ်ထောင်ဖြစ်သည်။

ပတ်နာပါပါသည် ဒုတိယအိမ်ထောင်နှင့် မင်္ဂလာပွဲထပ်မလုပ်ဘဲ လက်ထပ်ခွင့်တောင်းပြီးချိန်မှစ၍ ခင်ပွန်းက ပတ္တရားရှိ အိမ်ကြီးကိုရောင်း၍ သူနှင့် အတူလာနေကာ ပတ်နာပါပါအမည်နှင့် အိမ်တစ်လုံး လက်ဆောင်ဝယ်ပေးခဲ့သည်။ ပတ်နာပါပါက နယူးတီဗီတွင် သူ၏ခင်ပွန်းမှာ N Chanon ဖြစ်သည်ဟု အသိအမှတ်ပြုပြောဆိုထားကာ အိမ်ကြီးတစ်လုံး လက်ဆောင်ရ၍ ပျော်ရွှင်နေသည်ကို ပရိသတ်ထံ မျှဝေပေးထားသည်။ **SKY**

စိတ်ကျရောဂါကုသရာတွင် အပြောင်းအလဲအဖြစ် စီလိုဆိုင်ဘင်ဆေးဝါးကို အသုံးပြုနိုင်မည်ဟု ဆို

လူတို့နေ့စဉ်ဘဝ၌ ကြုံတွေ့ရသော အတွေ့အကြုံအမျိုးမျိုးအပေါ်တွင် မူတည်၍ စိတ်အခြေအနေအဖုံဖုံခံစားရလေ့ရှိရာ စိတ်ကျရောဂါသည် မသိသာသော်လည်း ပုံမှန်စိတ်ကျန်းမာရေးနှင့် လူမှုဆက်ဆံရေးကို ထိခိုက်စေနိုင်ကြောင်း ယနေ့ခေတ်စိတ်ကုပညာရှင်များက ထောက်ပြသည်။ ထိုစိတ်ကျရောဂါကို ကုစားပေးနိုင်သော ပရိုဇက်၊ ပါဇီးလ်၊ ဒိုလော့ဖ် စသည့် အက်စ်အက်စ်အာအိုင်ဆေးဝါးများရှိသော်လည်း စိတ်ကျရောဂါခံစားရသူတိုင်းအတွက် ထိရောက်ခြင်းမရှိကြောင်း တွေ့ရသည်။

ဒြိတိန်နိုင်ငံ ဧကရာဇ်ကောလိပ်မှ တမ်မာဆိုဘာဘာဦးဆောင်သော သုတေသီတစ်စုသည် မော်အစွမ်းရှိသောမှိုဖြင့် ဖော်စပ်ထုတ်လုပ်ထားသည့် စီလိုဆိုင်ဘင်ဆေးဝါး၏အာနိသင်ကို မကြာသေးမီက လက်တွေ့စမ်းသပ်လေ့လာကြည့်ခဲ့သည်။ ထိုသို့လေ့လာပြီးနောက် ထိုဆေးဝါးကို စိတ်ကျရောဂါကုသရာတွင် အပြောင်းအလဲအဖြစ်အသုံးပြုနိုင်မည်ဟု တွေ့ရှိခဲ့ကြောင်း သိရသည်။ **SCI**

Keanu Reeves ၏ Constantine 2 ထွက်ရှိလာမည်

ဟောလိဝုဒ်မင်းသား ကီနူးရီဗ်ပါဝင်ထားသည့် ရုပ်ရှင် Constantine အဆက် အပိုင်းနှစ် ဆက်လက်ထွက်ရှိလာမည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားထုတ်လုပ်သူ လောရမ်ဒိုဒီဘိုနာဗန်တူရာနှင့် ကောမစ်ဘွတ်တို့၏ အင်တာဗျူးတွင် အပိုင်းနှစ်နှင့်ပတ်သက်၍ ပြောကြားသွားခြင်းဖြစ်သည်။

လက်ရှိ Constantine 2 မှာ ဇာတ်ညွှန်းရေးသားပြီးစီးပြီး ဒါရိုက်တာ ဖရန့်စစ်လောရင့်က ရိုက်ကူးမည်ဖြစ်ပြီး သရုပ်ဆောင်ဟောင်းများဖြစ်ကြသည့် ရစ်ချယ်ဝိတ်ဓ်၊ တီဒါ ဆွစ်တမ်တို့ ပြန်လည်ပါဝင်ထားသည်။

ယင်းရုပ်ရှင်ဇာတ်ကား အပိုင်းနှစ်မှာ ပုံမှန် ထက် ပိုကြမ်းသွား၍ ထုတ်လုပ်သူကိုယ်တိုင်ပင် ဖတ်ရမည်ကို ကြောက်နေသော်လည်း ယခုရက်ပိုင်းအတွင်း အပြီးဖတ်ရမည်ဖြစ်ပြီး James Gunn ၏ DCU အောက်မှ ထုတ်လုပ်မည်ဟု ဆိုသည်။ **SKY**

Black Out ဇာတ်ကား ဂျာမနီဝတ္ထုကို ရိုက်ကူးထား

ကိုရီးယားဒရမ်မာဇာတ်ကား Black Out မှာ ဂျာမနီဝတ္ထုကို အခြေခံရိုက်ကူးထားပြီး တစ်ရွာလုံးနှင့် တစ်ယောက် အကြောင်းဖြစ်သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အမ်ဘီစီ၏ ဒရမ်မာဇာတ်ကားဖြစ်ပြီး အပိုင်း(၁၄)ပိုင်း ပါဝင်ကာ ဒါရိုက်တာ ဗြောင်ယွန်ဂျူက လွန်ခဲ့သည့် သုံးနှစ်က ရိုက်ကူးထားသော ဇာတ်ကားဖြစ်ပြီး ပြန်လည်တည်းဖြတ်၍ ထုတ်လွှင့်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဇာတ်ကားတွင် နာမည်ကြီး သရုပ်ဆောင်များ ပါဝင်ထားခြင်းမရှိသော်လည်း ဇာတ်လမ်း၏ ဆွဲခေါ်မှုကြောင့် ပရိသတ်စိတ်ဝင်တစားအားပေးမှုရရှိထားသည်။

မူရင်းဂျာမနီဝတ္ထုကို ပြန်လည်ရိုက်ကူးထားခြင်းဖြစ်ပြီး တရားခံဟု ထင်သမျှ လူအကုန်တရားခံဖြစ်နေကြခြင်းကပင် ကြည့်ကောင်းသည့်အချက်ဖြစ်ခဲ့ပြီး နာမည်ကြီး Good Partner နှင့် အပြိုင်ထုတ်လွှင့်မှုတွင်ပင် လူကြိုက်များ အားပေးမှုရရှိထားသည်။ **SKY**

BTS မှ V @ Kim Taehyung နှင့် Summer Jeong တို့ပွဲတွင် ရင်းနှီးစွာ တွေ့ဆုံခဲ့ကြ

ဘီတီအက်စ်အဖွဲ့ဝင် ဗွီ(ခေါ်)ကင် ထယ်ယောင်းနှင့် ကပွတိန်ဟိုရှင်းတို့ သင်တန်းအားလပ်ရက်တွင် ချီကာဂိုသို့ ဂီတဖျော်ဖြေပွဲသို့ သွားရောက်ခဲ့ရာ ဆန်မားဂျောင်းက ပွဲတွင်ရင်းနှီးစွာ တွေ့ဆုံခဲ့ကြပုံကို သူ၏ အင်စတာဂရမ်တွင် ဖော်ပြထားသည်ဟု ပိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါပွဲတွင် ဗွီနှင့်အတူ အနုပညာရှင်များစွာကို မြင်တွေ့ခဲ့ကြရကာ သရုပ်ဆောင်အနုပညာရှင်များသာမက ပြဇာတ်အနုပညာရှင်များလည်း ပါဝင်ထားကြကာ ဆန်မားဂျောင်းနှင့် ရင်းနှီးစွာ အတူတွေ့ခဲ့ကြရသည်။

ပရိသတ်များက ဗွီ၏ဖက်ရှင်ကို စိတ်ဝင်စားခဲ့ကြပြီး Celine ကုန်အမှတ်တံဆိပ်များနှင့် ဗွီကို လန်းဆန်းတက်ကြွဖွယ် မြင်တွေ့ရ၍ အားပေးထားကြသည်။ **SKY**

Taylor Swift က VMA ဆုပေးပွဲတွင် ဆုပေါင်းများစွာနှင့် စံချိန်ချိုးသွား

ကမ္ဘာကျော်ဂီတအနုပညာရှင် တေလာဆွစ်သည် VMA ဂီတဆုပေးပွဲတွင် အနုပညာရှင်များစွာအနက် ဆုပေါင်းများစွာ ဆွတ်ခူး၍ VMAs တွင် ဆုအများဆုံးရသည့် အနုပညာရှင်အဖြစ် စံချိန်ချိုးသွားခဲ့သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

တေလာဆွစ်သည် အဆိုပါဆုပေးပွဲတွင် Best Collaboration, Best Direction, Best Editing, Best PoP, Artist of The Year, Song of The Summer Video of The Year စသည့် ဆုများစွာနှင့် ၂၀၂၄ ခုနှစ်တွင် ဆုအများဆုံးရရှိခဲ့သည့် အနုပညာရှင်ဖြစ်ခဲ့သည်။

တေလာဆွစ်သည် Best Direction ကို လေးကြိမ်ရခဲ့သည့် ပထမဆုံးအနုပညာရှင် Performance ဖြစ်ခဲ့ပြီး Video fo The Year ကို ငါးကြိမ်နှင့် သုံးနှစ်ဆက်တိုက် ပထမဆုံးရသော အနုပညာရှင်ဖြစ်သည့်အပြင် သမိုင်းတစ်လျှောက် ဘီယွန်းဆေးကိုကျော်၍ VMAs ဆုအများဆုံးရရှိသည့် အနုပညာရှင်ဖြစ်ခဲ့သည်။ **SKY**

Beyonce Say က အနုပညာကို နှစ်သက်ပြီး အနားယူရခြင်းအကြောင်း ပြောကြားထား

ကမ္ဘာကျော်အနုပညာရှင် ဂီတအိုတော်ဘီယွန်းဆေးသည် အနုပညာကို ချစ်မြတ်နိုးသူဖြစ်သော်လည်း အနားယူရသည့်အကြောင်းရင်းကို ပရိသတ်ထံ ဝေမျှပြောကြားထားသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဘီယွန်းဆေးက အင်တာဗျူးတစ်ခုတွင် တစ်ခါတစ်ရံ နာမည်ကြီးအနုပညာရှင်များမှ ထောင်ကျနေသကဲ့သို့ ဘာလုပ်သည် ဘယ်သွားသည်ကို မျက်စိဒေါက်ထောက်ကြည့်ခံရကာ လွတ်လပ်မှုများ ဆုံးရှုံးခဲ့ရကာ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ အပြောခံခဲ့ရသဖြင့် ကော်ဆေနီပေါ် မတက်တော့ဘဲ သီချင်းသစ်လည်း နားထားကာ စိတ်ပင်ပန်းလွန်း၍ အနားယူခဲ့ခြင်းဖြစ်သည်ဟု ပြောကြားသွားသည်။

ဆက်လက်၍ ဘီယွန်းဆေးက မျောက်ကွယ်သွားချင်သော်လည်း အနုပညာကို ချစ်စိတ်နှင့် သီချင်းဆိုချင်သည့်ဆန္ဒကြောင့် ခဏနား၍ စွန့်လွှတ်မှုမလုပ်နိုင်ခဲ့ဟု ဆိုသည်။ **SKY**

ကြော်ငြာချက်

မန္တလေးမြို့တော်ဧည်ပင်သာယာရေးကော်မတီပိုင် အောက်မော်ပြပါ ဆိုင်ခန်းများသည် ဆိုင်ခန်းအမည်ပြောင်း လျှောက်ထားမည်ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများနှင့်အတူ (၇)ရက်အတွင်း ရေးနှင့် သားသတ်ဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဆိုင်ခန်းအမည်ပြောင်းလဲခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေငြာအပ်ပါသည်။

စဉ်	ရေးအမည်	ဆိုင်အမှတ်	မူလအမည်ပေါက်	လွှဲပြောင်းလက်ခံသူအမည်
၁။	ရေးဆို	သံဖြူတန်း၊ ဆိုင်အမှတ်(၈)	ခေါ်ညိမ်း ၉/မနတ(နိုင်)၀၁၀၅၀၂	ခေါ်အေးမွန်ခိုင် ၉/အမေ(နိုင်)၀၀၄၂၉၆
၂။	ရေးဆို	ပထမထပ်၊ စပယ်ရုံ၊ ဆိုင်အမှတ်(၆၁)	ဦးသုန်းဆန်း ၁၃/မဆတ(နိုင်)၀၁၀၀၄၁	ဦးဆင်ရဲကျော(၈)ဝေယူဝေး ၁၃/လရန(နိုင်)၁၀၀၄၃၄
၃။	မန်းမြန်မာပလဘာ	မြေအောက်ထပ်၊ (F)ရုံ၊ ဆိုင်အမှတ်(၂၀)	ခေါ်နာရဲကုလ(စ်)ပါ ၁/၀မန(နိုင်)၀၆၂၉၃၈	ဦးဘေး(လ်)ဟာဒုး ၅/ကလထ(နိုင်)၀၆၉၃၅၅
၄။	ရေးဆို	ထီးကိုင်ရေး၊ ဆိုင်အမှတ်(၁၁၁၊ ၁၁၂)	ခေါ်ဖြိုးသူ ၉/ဓအမ(နိုင်)၀၀၅၁၄၈	ဦးဝင်းကျော် ၅/ဘတလ(နိုင်)၀၇၃၃၂၆
၅။	ရေးဆို	ထီးကိုင်ရေး၊ ဆိုင်အမှတ်(၂၀၉၊ ၂၁၀၊ ၂၁၁၊ ၂၁၂)	ခေါ်သန်းလှ ၉/မနတ(နိုင်)၀၁၆၇၆၂	ဦးဝင်းကျော် ၅/ဘတလ(နိုင်)၀၇၃၃၂၆
၆။	ရတနာပုံ(စ)ရေး	(E)ရုံ၊ ဆိုင်အမှတ်(၂၄)	ခေါ်ခင်မိုးနိုင် ၉/ပကခ(နိုင်)၀၂၀၈၆၄	ခေါ်သန်းကြေ ၈/မမန(နိုင်)၀၁၂၆၀၇
၇။	ဘုရားကြီးရေး	ဆိုင်အမှတ်(၂၀၂)	ခေါ်တင်မာကြည်	ဦးထွန်းလင်းဦး
၈။	မန်းမြန်မာရေးဆို ပလာဇာ	မြေညီထပ်၊ (AA)ရုံ၊ ဆိုင်အမှတ်(၁၇၊ ၁၈)	၉/မရမ(နိုင်)၀၉၁၁၃၃ ဦးကျော်စိန်	၉/မဟမ(နိုင်)၀၃၃၉၄၅ ခေါ်ချိုချိုဝင်း
၉။	မန်းမြို့ရေး	ရုံ(၂)၊ ဆိုင်အမှတ်(၁၁)	ခေါ်ကြည်ကြည်ဝင်း WMDY-၀၃၃၅၆၂	ခေါ်ဝိုးအိအိမြူ ၁/ကမန(နိုင်)၀၂၉၀၆၉
၁၀။	ရေးဆို	မြေညီထပ်၊ ယုဇနေ(D)ရုံ၊ ဆိုင်အမှတ်(၃၆)	ခေါ်လှလှရီ ၉/မရမ(နိုင်)၀၂၆၇၆၄	ခေါ်ခင်မင်းရီ ၉/သစန(နိုင်)၀၀၈၁၅၉
၁၁။	ရတနာပုံ(စ)ရေး	(F)ရုံ၊ ဆိုင်အမှတ်(၅)	ခေါ်ခွန်ညွှန့် ၉/ညဥန(နိုင်)၀၃၇၆၈၇	ဦးစိုးလင်းအောင်
၁၂။	ညောင်ပင်ရေး	ရုံ(၂)၊ ဆိုင်အမှတ်(၂၈)	ဦးမျိုးသူလတ် ၉/မနမ(နိုင်)၁၁ဝ၉၅၀	ခေါ်အေးရွှေ ၉/မမန(နိုင်)၀၁ဝ၄၉၀
၁၃။	ညောင်ပင်ရေး	ရုံ(၂)၊ ဆိုင်အမှတ်(၈၀)	ခေါ်ရီမြ ၉/မနမ(နိုင်)၀၄၃၄၄၁	ခေါ်ရွှေညိုဖြူး ၉/အမေ(နိုင်)၀၆၉၇၀၉
၁၄။	ညောင်ပင်ရေး	ရုံ(၂)၊ ဆိုင်အမှတ်(၈၁)	ဦးအောင်မြတ် ၉/မနမ(နိုင်)၀၀၀၄၇၀	ခေါ်ရွှေညိုဖြူး ၉/အမေ(နိုင်)၀၆၉၇၀၉
၁၅။	ရေးဆို	၈၆၀လမ်း၂၃×၃၀လမ်းရုံ၊ ဆိုင်အမှတ်(၁၆၂)	ခေါ်မာစီ ၉/မနမ(နိုင်)၀၁၆၇၅၀	ခေါ်တင်မာညို ၉/ဓအမ(နိုင်)၀၅၅၅၀၁
၁၆။	မြရည်နန္ဒာရေး	(A)ရုံ၊ ဆိုင်အမှတ်(၁၅)	ဦးထွန်းထွန်း ၅/ဟမလ(နိုင်)၀၅၂၃ဝ၆၆	ဦးစိန်ဝင်း ၅/ကဘလ(နိုင်)၀၃၇၉၂၉
၁၇။	ရတနာပုံရေး	ဒုတိယထပ်၊ Mandalay Yadanar Mall (B)ရုံ၊ ဆိုင်အမှတ်(၁၅၂)	ခေါ်လီလီ(ခ)လင်းလင်း ၁၃/မဆတ(မြို့)၀၀၀၁၉၂	ခေါ်ခက်ခက်တင် ၁၂/မရက(နိုင်)၀၁၁၇၇၅
၁၈။	ရတနာပုံရေး	ဒုတိယထပ်၊ Mandalay Yadanar Mall (B)ရုံ၊ ဆိုင်အမှတ်(၁၄၀)	ဦးကျော်သူရ ၁၂/လမတ(နိုင်)၀၀၂၇၆၂	ခေါ်ယဉ်မင်းထွေး ၉/ပသက(နိုင်)၀၆ဝ၆ခ၂
၁၉။	ရတနာပုံရေး	ဒုတိယထပ်၊ Mandalay Yadanar Mall (A)ရုံ၊ ဆိုင်အမှတ်(၃၇)	ဦးမြတ်မင်းခ ၁၂/ဥကမ(နိုင်)၁၅ဝ၆၇၅	ဦးဝေလှင်ဖြိုး ၁၀/သဖရ(နိုင်)၀၀၀၀၅၂
၂၀။	ရတနာပုံရေး	ဒုတိယထပ်၊ Mandalay Yadanar Mall (B)ရုံ၊ ဆိုင်အမှတ်(၁၀၇)	ခေါ်စန်းစန်းဝင်း ၁၃/သပန(နိုင်)၀၀၆ခ၃၈	ခေါ်ထိုက်ထိုက်ဝေ ၉/မဟမ(နိုင်)၀၀၄၃၂၂
၂၁။	ရတနာပုံရေး	ဒုတိယထပ်၊ Mandalay Yadanar Mall (B)ရုံ၊ ဆိုင်အမှတ်(၂၀၈)	ခေါ်ချင်ရွှိုး ၁၃/သရန(နိုင်)၀၁၄ဝ၆ဂ	ခေါ်ဆွေချောနန်း ၁/မကတ(နိုင်)၀၇၆ဝ၅၅
၂၂။	ရတနာပုံရေး	ဒုတိယထပ်၊ Mandalay Yadanar Mall (B)ရုံ၊ ဆိုင်အမှတ်(၂၈၈)	ခေါ်ရုမ္ဘတိုး ၉/ဓအမ(နိုင်)၀၁၇ဝ၉ဂ	ခေါ်ဆန်းဆန်း(ခ)ဝင်းဆန်းရင် ၁၂/သလန(နိုင်)၀၃ဝ၄ဂ၀
၂၃။	ချမ်းမြေရွှေပြည်ရေး	ပွဲရုံငယ်ရုံ၊ ဆိုင်အမှတ်(၁၇)	ခေါ်မြင့်မြင့်နိန် ၉/ပသက(နိုင်)၀၆ဝ၅ဝ၃	ခေါ်ကနီသမား(ခ)သီတာ ၇/ပခန(ဧည့်)၀၀ဝ၄၃၃
၂၄။	ချမ်းမြေရွှေပြည်ရေး	ပွဲရုံငယ်ရုံ၊ ဆိုင်အမှတ်(၈၇၊ ၈၈)	ဦးချစ်ထွေး ၁၀/သထန(နိုင်)၁၃၇၃၇၈	ခေါ်ယဉ်ယဉ်အေး ၉/မရတ(နိုင်)၁၃ဝ၄ဂ၆
၂၅။	မန်းရတနာရေး	တိုက်တန်း၊ ဆိုင်အမှတ်(၄၈)	ခေါ်မြင့်မြင့်သန်း ၉/မရတ(နိုင်)၀၄၄၉၁၁	ခေါ်ခင်ဗျိုးဆွေ ၉/မတ(နိုင်)၀၀ခ၁၁၀

ဌာနမှူး၊ ရေးနှင့်သားသတ်ဌာန၊ မန္တလေးမြို့တော်ဧည်ပင်သာယာရေးကော်မတီ

"အများသိစေရန် အသိပေးကြေညာခြင်း"

မန္တလေးမြို့ ၊ အောင်မြေသာစံမြို့နယ် ၊ အနိုပ်တော်ရပ်ကွက် ၊ အကွက်အမှတ် (၄၆)၊ ဦးပိုင်အမှတ် (၉၅) ၊ ဦးညွှန့်မောင် အမည်ပေါက် အခလွတ်ဂရန်နမြေကွက်အတွင်းမှ **မြောက်ဘက်ခြမ်း မျက်နှာစာ (၂၅-ပေ) ၊ အရှေ့အနောက် (မြေပြင်အရှိအတိုင်း)** မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၁)ထပ် အဆောက်အဦး၊ ရေ+မီး (ဆက်လက်သုံးစွဲပိုင်ခွင့်) အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမွေဆက်ပိုင်ဆိုင်ခွင့်ရှိကာ ၊ လက်ရှိပိုင်ဆိုင်ပြီး ပြန်လည်လွှဲပြောင်း ရောင်းချခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဦးညွှန့်မောင်၏ သား၊ သမီးများဖြစ်ကြသော **ဦးဝင်းမောင် [၉/မနမ (နိုင်) ၀၆၀၁၃၉]** ၊ **ခေါ်ခင်ဆွေဝင်း [၉/မနမ (နိုင်) ၀၅၈၃၄၉]**၊ **ခေါ်ခင်ဆွေလင်း [၉/မနမ (နိုင်) ၀၅၈၃၂၆]** ၊ **ခေါ်မြဖြေဆွေ [၉/မနမ (နိုင်) ၀၅၈၅၄၀]** **နှင့် ခေါ်ခင်ဆွေနင်း [၉/မနမ (နိုင်) ၀၅၈၃၃၅]** တို့မှ ကျွန်ုပ်တို့၏ မိတ်ဆွေထံသို့လွှဲပြောင်း ရောင်းချရာ ကျွန်ုပ်တို့၏ မိတ်ဆွေမှ ဝယ်ယူရန် သဘောတူညီပြီး ဖြစ်ပါ၍ စရန်ငွေများပေးချေပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာ ကြော်ငြာပါသည့် ရက်မှစ၍ (၁၄) ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ဖြစ်စေ၊ သက်ဆိုင်ရာရုံးအသီးသီး၌ ဖြစ်စေလာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တရားဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စများအား ပြီးစီးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –

ခေါ်ဇာနည်အောင်(LL.B)

ခေါ်အေးသီတာအောင် (LL.M) ခေါ်သန်းသန်းဝင်း (LL.B)

တ ရား လွှတ် တော် ရှေ့ နေ များ

၆၂ (အေ) လမ်း ၊ ၂၄ × ၂၅ လမ်းကြား ၊ အောင်မြေသာစံမြို့နယ် ၊ မန္တလေးမြို့။ ၀၉-၇၉၇၄၇၄၁၁ ၊ ၀၉-၄၂၅၅၅၃၀၂

ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၄)၊ ဦးပိုင်အမှတ် (၆၁-ခ)၊ လမ်း၅၀နှင့် ၅၁လမ်းကြား၊ ၁၁၀(D)လမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစောဒေးဗစ်ကီးဖိုး(ခ)စောဒေးစစ်ဘီးဖိုး(၉/မရမ(နိုင်)၀၆၈၆၀၅)(MMO-၂၆စရ၇၆)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၃၄၇၅/၂၀၂၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးညီဝင်းစိန်(၉/မလန(နိုင်)၀၉၃၄၃၂)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်စာရင်းပြုပြီးနောက် ဝယ်ယူသူ ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာရင်းပြုစာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး ပြိုပြိမ်ကိန်းနှင့် ထေပြိမ်ဆန့်ခဲ့ညွှန်ကမ္ဘာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၇)၊ ဦးပိုင်အမှတ်(၁၀-က)၊ ဧရိယာ(၀ ၁သမ ၀၁၅)ဧက အကျယ်အဝန်းရှိ မြေကွက်သည် ဦးအောင်ချမ်း အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြသူ ဦးဝင်းမောင်(ဘ)ဦးကံညွှန့်(၉/မရမ(နိုင်)၀၁၁၆၅၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါဂရန်မြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–

ဦးသန်းရွှေ B.A (Hist), H.G.P

အထက်တန်းရှေ့နေ

၅၃လမ်း၊ ၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊

ထွန်တုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။

ဖုန်း ➢ ၀၉-၅၁၄၀၄၇၈

ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ဝ၄-ခ)၊ ဦးပိုင်အမှတ်(ခ-၁)၊ လမ်း၇၀နှင့် ၇၁လမ်းကြား၊ ၁၁၃လမ်းနှင့် ၁၁၄ လမ်းကြားရှိ တောကရန်မြေကွက်အား အမည်ပေါက်သူ ဦးအောင်ကြည်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၈၉/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ခေါ်လီကြည်ရွန်း(ခ)LEE KYI SHAN (၁/မကန(ဧည့်)၀၀ဝ၅၅၆)၏ (GP ရှိသူ LEE KYI HWAI) က အကြောင်းကြားစာ(မြေချထားမိန့်)မူရင်းမှာ အသိမ်းလွန်ရှိ ပျောက်ဆုံးနေကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်း ကျိန်ချက်၊ တောကရန်တို့တင်ပြ၍ တောမှမြင်ပြောင်း သက်တမ်းတိုး၊ အမည်ပြောင်းရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာရင်းပြုစာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း

ဌာနမှူး ပြိုပြိမ်ကိန်းနှင့် ထေပြိမ်ဆန့်ခဲ့ညွှန်ကမ္ဘာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(လ-၄)၊ ဦးပိုင်အမှတ် (၁)၊ လမ်း၇၀နှင့် ၇၁လမ်းကြား၊ ၁၁၃လမ်းနှင့် ၁၁၄ လမ်းကြားရှိ တောကရန်မြေကွက်အား အမည်ပေါက်သူ ဦးအောင်ကြည်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၈၉/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ခေါ်လီကြည်ရွန်း(ခ)LEE KYI SHAN (၁/မကန(ဧည့်)၀၀ဝ၅၅၆)၏ (GP ရှိသူ LEE KYI HWAI) က အကြောင်းကြားစာ(မြေချထားမိန့်)မူရင်းမှာ အသိမ်းလွန်ရှိ ပျောက်ဆုံးနေကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်း ကျိန်ချက်၊ တောကရန်တို့တင်ပြ၍ တောမှမြင်ပြောင်း သက်တမ်းတိုး၊ အမည်ပြောင်းရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာရင်းပြုစာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း

ဌာနမှူး ပြိုပြိမ်ကိန်းနှင့် ထေပြိမ်ဆန့်ခဲ့ညွှန်ကမ္ဘာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ် (ဈ၉၁)၊ ဦးပိုင်အမှတ်(၆-အေ)၊ ရန်-မန်းလမ်းနှင့်ကိုလဘိုမြောင်းကြား၊ ၁၁၅ လမ်းပေါ်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ခေါ်လင်ရွတ(ခ)ခင်ခင်ရီ(၁၂/ဗဟန(နိုင်)၁၁ဝ၇၁ဂ)၏ အထွေထွေကိုယ်စား လှယ်လွှဲစာအမှတ်(၅၇၂၀/၂၀၂၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမျိုးဟန်လင်း(၉/မဟမ(နိုင်) ၀၀၇ဝ၅၅)မှ ဓမ္မာသလတောင်တန်း သာသနာပြုထောက်ပံ့ရေးအဖွဲ့သို့ လှူဒါန်းမည်ဖြစ်ပါသဖြင့် ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်လွှဲခါန်းစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာရင်းပြုစာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး ပြိုပြိမ်ကိန်းနှင့် ထေပြိမ်ဆန့်ခဲ့ညွှန်ကမ္ဘာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

ကြော်ငြာစာ

ဘိုးဘဝပိုင်မြေကြော်ငြာစာ — **ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။**

စဉ်	လျှောက်ထားသူ		လျှောက်ထားသည့်မြေ					အမှုတွဲအမှတ်
	အမည်/မှတ်ပုံတင်		လိပ်စာ		မြေအမည်ပေါက်	မြို့နယ်	အကွက်	ဦးပိုင်	
၁။	အေါ်ရာနားဦး(၉/အမရ(နိုင်)ဝ၇ဂ၀)		၂၂လမ်းမီးခြစ်စက်ရုံလမ်းနှင့်ကင်းနားလမ်းကြားမင်းဘီအိုင်း		မဟယ	အောင်မြေသာစံ	၁၀၆	၂-၄(ခ၀င်း)	၀၃၇/၁၃(ခ)/(မြောင်း)/၂၀၂၄-၂၀၂၅
၂။	အေါ်ဖိုးဦး(၉/အမရ(နိုင်)ဝ၂၄ဂ၃)		၂၂လမ်းမီးခြစ်စက်ရုံလမ်းနှင့်ကင်းနားလမ်းကြားမင်းဘီအိုင်း		မဟယပဉ်ခင်ဦး	အောင်မြေသာစံ	၁၀၆	(၂-၄+၂-ဇ) ခ၀င်း	၀၃၇/၁၃(ခ)/(မြောင်း)/၂၀၂၄-၂၀၂၅
၃။	ဦးမျိုးမင်းအောင်(၉/ပရတ(နိုင်)ဝ၀၅၇ဝ)		၂၅လမ်းနှင့် ၂၈လမ်းကြားဂဂုလမ်းနှင့်ဂုလမ်းကြားစီတွဲရုပတီ		ထီးလေးပုလိ	ချမ်းအေးသာစံ	၇၂၂	၁၉-ဃ	၀၃ရ/၁၃(မြောင်း)/၂၀၂၄-၂၀၂၅
၄။	အေါ်ကင်းထိုက်(ဘ)/ကဃန(နိုင်)ဝ၇ဂ၇၅)		ဂ၆လမ်းနှင့်ဂုလမ်းကြားခ၃ လမ်းနှင့်ဂုလမ်းကြားကျွန်းကဗျာ		ဦးသိန်းမွန်	ချမ်းအေးသာစံ	၆၂၆	၂၀	၀၃၃/၁၃(မြောင်း)/၂၀၂၄-၂၀၂၅
၅။	အေါ်ကြည်ကြည်(ခ)ရင်ဃလေး(၉/ပရတ(ဧည့်)၀၀ဝ၇ဂ)		ရ၅(F)လမ်း၃၂လမ်းနှင့်ဂုလမ်းကြားအောင်နန်းရိပ်သာအနောက်		ဦးသိန်းမွန်	ချမ်းအေးသာစံ	၅၆၃	၃၅-ခ	၀၃၂၂/(ဘ/မြောင်း)/၂၀၂၄-၂၀၂၅
၆။	ဦးမျိုးမင်းအောင်(၉/ပရတ(နိုင်)ဝ၀၅၇ဝ)		၂၅လမ်းနှင့်ဂုလမ်းကြားဂဂုလမ်းနှင့်ဂုလမ်းကြားစီတွဲရုပတီ		အေါ်ရုပလို	ချမ်းအေးသာစံ	၇၂၂	၂၂-ဃ	၀၃ရ/၁၃(မြောင်း)/၂၀၂၄-၂၀၂၅
